# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 14 November 2021 ၁၀၅၅၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

## ရုံး၊ ဌာန အသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၄ ပင်၊ တန်ဖိုးငွေကျပ် ၁၄၄၉ သိန်းကျော် ပါဝင်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ကြွရောက်ချီးမြှင့်တော်မူ

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသည့် ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် သံဃာတော် ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရေဆင်းကန်ဦးဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။



အထူးအပါး

ဆောင်းပါး စာမျက်နှာ » ၆

## ကြေးမုံ ယနေ့ ဖတ်စရာ


**ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရက်ချိန်းအား Online Booking စနစ်ဖြင့် ဝန်ဆောင်မှုပေး** စာမျက်နှာ » ၇

**ရေသောက်မြစ်** ဆောင်းပါး စာမျက်နှာ » ၁၀

**တန်ဆောင်မုန်းလပြည့်ညနှင့် ဆေးဖက်ဝင် မဲဇလီပင်များအကြောင်း** ဆောင်းပါး စာမျက်နှာ » ၁၅

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၃၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၂၁ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၁၈

ကြေးမုံ

# သာဓုပတ္တာနုမောဒန ကုသိုလ်ပွားများအကျိုးများ

မြန်မာနိုင်ငံသည် ဘာသာပေါင်းစုံ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသောနိုင်ငံဖြစ်သည်။ ဘာသာရေးအရ လွတ်လပ်ခွင့်ရှိသောနိုင်ငံဖြစ်သည်။ မည်သည့်ဘာသာမဆို လွတ်လပ်စွာကိုးကွယ်ခွင့်ရရှိနေကြသည်။ ဘာသာရေးအရ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်များ အများစုနေထိုင်သောနိုင်ငံဖြစ်သည်။ အစဉ်အလာအရ ဗုဒ္ဓဘာသာ သာသနာထွန်းကားပြန့်ပွားရေးကို မင်းနှင့်ပြည်သူ သဒ္ဓါထက်သန်စွာ တည်ဆောက်ကိုးကွယ်ဆည်းကပ်လျက်ရှိသည်။

မည်သည့်ဘာသာမဆို ယုံကြည်မှုသဒ္ဓါသည် အရေးအကြီးဆုံးဖြစ်သည်။ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းအားဖြင့် မိမိတို့မှာဖြစ်ပေါ်မည့် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်မြောက်နိုင်ကြမည်ဟု ယုံကြည်ကြရမည်ဖြစ်သည်။ တရားတော်ကိုယုံကြည်ရာ၌ သတ္တဝါတို့၏ ကောင်းကျိုးများကို ပွားစေနိုင်သောတရား၊ အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲများကို ပယ်ဖျောက်စေနိုင်သောတရားဖြစ်သည်ဟု ယုံကြည်ရမည်။ သံဃာတော်ကို ယုံကြည်ရာ၌လည်း သံဃာတော်သည် သတ္တဝါတို့၏အကျိုးစီးပွားကိုဖြစ်စေနိုင်သော၊ အပါယ်ဆင်းရဲနှင့် သံသရာဆင်းရဲကို ပယ်ဖျောက်စေနိုင်သောတရားတို့ကို ဟောကြားတော်မူနိုင်သောပုဂ္ဂိုလ်ဟု ယုံကြည်ရမည်။ ထိုသို့ ယုံကြည်သဒ္ဓါရှိမှ ကိုးကွယ်ထိုက်ပူဇော်ထိုက်၏ဟူသော အသိပေါ်လာမည်ဖြစ်သည်။ ယုံကြည်မှု(သဒ္ဓါ)၊ သိမြင်မှု (ပညာ)ဖြင့် ဘုရား၊ တရား၊ သံဃာကိုဆည်းကပ်ပါက စစ်မှန်သည့် သရဏဂုံမြောက်နိုင်သည်။ သရဏဂုံတည်လျှင် အပါယ်ဒုက္ခဆင်းရဲသို့ မကျရောက်နိုင်တော့ချေ။

ဗုဒ္ဓဘာသာဝင်အများစုသည် မြတ်စွာဘုရားရှင်အား သက်ရှိထင်ရှားရှိနေသည့်အလား ကြည်ညိုသဒ္ဓါပွားနိုင်ရန်အတွက် စေတီ၊ ဘုရားများ တည်ထားကိုးကွယ်ကြသည်။ မြန်မာနိုင်ငံသည် စေတီ၊ဘုရားများ ရွှေရောင်တဝင်းဝင်းနှင့် ရှမ်မျှော်၍မဆုံးသဖြင့် စေတီ၊ ဘုရားများပေါများရာ ရွှေနိုင်ငံဟုခေါ်ဆိုကြသည်။ ရှေးဟောင်းစေတီ၊ ဘုရားများအား ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်ဆည်းကပ်ကြပြီး မင်းနှင့်ပြည်သူ ကောင်းမှုတို့ဖြင့် စေတီ၊ ဘုရား၊ ရုပ်ပွားတော်မြတ်များအား အသစ်တည်ထားကိုးကွယ်ကြသည်။ ကြည်ညိုဖွယ်ရာ ဘုရားရတနာများ တည်ထားကိုးကွယ်ကြသဖြင့် သာဓုပတ္တာနုမောဒန ကုသိုလ်တရားများတိုးပွားပြီး အပါယ်ဒုက္ခဘေးမှလွတ်ကင်းသည့်အကျိုးများရရှိသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်က မြန်မာနိုင်ငံ (ရန်ကုန်) သိင်္ဂုတ္တရကုန်းတော်တွင် ဥက္ကလာပမင်းကြီးက ရွှေတိဂုံစေတီတော်မြတ်အား တည်ထားကိုးကွယ်ခဲ့သည်။ ရွှေရောင်တဝင်းဝင်းနှင့်စေတီတော်မြတ်ကြီးသည် သာသနာတည်သရွေ့ ကမ္ဘာ့အံ့ဖွယ် အကြီးဆုံးစေတီတော်မြတ်ကြီးအဖြစ် ယနေ့ထက်တိုင် အများပြည်သူ ကိုးကွယ်ဆည်းကပ်လျက်ရှိသည်။ ယခုအခါ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည်။ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးပါက ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ၈၁ ပေအမြင့်ရှိမည်ဖြစ်ပြီး ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော်အလေးချိန် ၃၅၁၀ တန် စုစုပေါင်းအလေးချိန် ၅၂၉၂ တန်ရှိမည်ဖြစ်သည်။

ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရန်အတွက် စကျင်ကျောက်တော်ကြီးကို ၂၀၁၃ ခုနှစ်က လှူဒါန်းခဲ့ပြီး လှူဒါန်းသည့် ရွှေဖောင်ဒေးရှင်း၏ လွှဲအပ်ချက်အရ တပ်မတော်က စကျင်ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန် ဦးစီးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် သယ်ဆောင်ခြင်းတို့ကို ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရပြီး နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့နှင့် သင့်လျော်ညီညွတ်သော ဘူမိဖဿမုဒြာ ရတနာပုံခေတ်ဟန်ဖြင့် အများပြည်သူ ဖူးမြော်ကြည်ညိုခြင်းအလို့ငှာ ထွင်းထုပူဇော်ခြင်းဖြစ်သည်။

“မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးထံသို့ ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ ဗုဒ္ဓရုပ်ပွားတော်ကြီးအား စိတ်လက်ကြည်သာစွာဖြင့် ဖူးမြော်နိုင်ရေးနှင့် အေးချမ်းသာယာမှုရှိစေရန် “မာရဝိဇယ” ဗုဒ္ဓဥယျာဉ်တော်ကြီးအဖြစ် တည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းပြည်အေးချမ်းသာယာဝပြောပြီး အများပြည်သူတို့ ဒုက္ခဆင်းရဲအပေါင်းမှ ကင်းဝေးစေရန် ရည်ရွယ်လျက် တပ်မတော်ကဦးစီး၍ ထွင်းထုတည်ဆောက်လျက်ရှိသော “မာရဝိဇယ” ကမ္ဘာ့အကြီးဆုံးကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လှူဒါန်းမှုကို ကြည်ညိုသဒ္ဓါပွားများကြကာ သာဓုပတ္တာနုမောဒန ကုသိုလ်တရားများ တိုးပွားအကျိုးများပါစေကြောင်း။ ။

## ကျိုက်လတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း VDP အကြောင်း မိတ်ဆက်ရှင်းလင်း

**ကျိုက်လတ် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အတွင်း ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း VDP ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများသည် ရွေးချယ်ထားသော VDP စီမံကိန်းဝင် လေးရွာအနက် ကြံခင်းစုကျေးရွာအုပ်စု ဘိုတေဇကျေးရွာနှင့် ကျုံကလွတ်ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာသို့ ယမန်နေ့နံနက်ပိုင်းတွင်ရောက်ရှိခဲ့ပြီး စီမံကိန်း



အကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ ရွေးချယ်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်**

## ထန်းတပင်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့စဉ်ကွင်းဆင်းပြုလုပ် ဆောင်ရွက်ပေးလျက်ရှိ

**ထန်းတပင် နိုဝင်ဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခြင်းကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေ၊ လဝကမှူး ဒေါ်ဝင်းစန္ဒာနှင့် ဝန်ထမ်းများက ကြာအင်းကျေးရွာအုပ်စုအတွင်း အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၁၅ ဦးနှင့် အသက် ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၆၆ ဦး စုစုပေါင်းကျေးရွာနေပြည်သူ ၈၁ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ပန်းခင်းစီမံချက်ဖြင့် ထန်းတပင်မြို့နယ်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မေ ၃ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၇၆၉ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၇၃၇ ခု တို့ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူ ချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Koronavac Suspension Injection ၅၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Omac Capsule ၄၀၂၆၈ ခု၊ Urisan Tablet ၁၀၁၅၂ ခု၊ Vastacine Tablet ၂၀၀၂ ခု စုစုပေါင်း ၅၇၃၆ ဒသမ ၄၃ ကီလိုဂရမ်၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး) တွင် ကုမ္ပဏီလေးခုမှ နှာခေါင်းစည်း ၁၇၈၈၅ ကီလိုဂရမ်၊ အောက်ဆီဂျင်ထုတ်သည့်စက် ခြောက်ခု၊ အောက်ဆီဂျင်အရည် ၁၅၃၆၂ ကုဗမီတာ တို့အားထုတ်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌေး၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က မင်္ဂလာဇေယျုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ ရှေ့ဖုံးမှ

ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကန်ဦးဆရာတော်ထံ ကထိန်လျာသင်္ကန်းကို လည်းကောင်း၊ ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က မင်္ဂလာဇေယျုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဂန္ထဝါစက စာချဆရာတော်များ ဖြစ်ကြသည့် အရှင်ဝါယမနှင့် အရှင်ဇဝနတို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် ပါဠိဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြကာ ဆရာတော်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ (၁၁)ကြိမ်မြောက် မိသားစု မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၄ ပင်၊ တန်ဖိုးငွေကျပ် ၁၄၄၉ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၃**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေနှင့် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပါဝင်တက်ရောက်ပြီး မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အတူ နီပွန်ဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ် Mr.Yuji MORI နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**
အိန္ဒိယနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)




**ကြိုဆိုနှုတ်ဆက်**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နယူးဒေလီမြို့သို့ရောက်ရှိစဉ် National War Memorial သို့ သွားရောက်၍ ဂုဏ်ပြုပန်းခွေချ အလေးပြုခဲ့သည်။ ထို့နောက် South Block သို့သွားရောက်ခဲ့ရာ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singh က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singh နှင့်တွေ့ဆုံ၍ အိန္ဒိယရေတပ်၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံ ရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးလိုက်ပါပြီး အိန္ဒိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Chief of Defence Staff ဗိုလ်ချုပ်ကြီး Bipin Rawat နှင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Foreign Secretary Mr. Harsh Vardhan Shringla နှင့်လည်းကောင်း၊ အိန္ဒိယကာကွယ်ရေးအတွင်းဝန် Defence Secretary Dr. Shri Ajay Kumar နှင့်လည်းကောင်း၊ အိန္ဒိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး Deputy National Security Advisor Mr. Rajindra Khanna၊ တပ်မတော်ဆိုင်ရာအကြံပေး Military Adviser Lieutenant General (Retired) Mr. Chauhan တို့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံ၏ National Maritime Foundation သို့ရောက်ရှိခဲ့ရာ Vice Admiral (Retired) Pradeep Chauhan က ကြိုဆိုခဲ့ပြီး National Maritime Foundation ၏ ရေကြောင်းဆိုင်ရာသုတေသနပြု ဆောင်ရွက်နေမှုများနှင့် Peaceful India Ocean ခေါင်းစဉ်နှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အိန္ဒိယရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသောညစာစားပွဲကို တက်ရောက်ခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ခရီးစဉ်အတွင်း နှစ်နိုင်ငံရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ရေတပ်ဆိုင်ရာ နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ရေယာဉ်များအပြန်အလှန်လည်ပတ်ရေးနှင့် ရေကြောင်းလုံခြုံရေးအတွက် သတင်းအချက်အလက်မျှဝေရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့နယ်၌ ကွင်းအလိုက် မိုးစပါးစံကွက်ရိတ်သိမ်း

**ဘားအံ နိုဝင်ဘာ ၁၃**
ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မိုးစပါးအထွက်နှုန်းမှန်ကန်စေရေးအတွက် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက တော်ပုံကျေးရွာအုပ်စု ကွင်းအမှတ် ၁၁၈၉(ခ)ထမ္မလောက်ကွင်း ဦးပိုင်အမှတ်(၆/၂) မြေကွက်အမှတ် ၁၂၃၊ တောင်သူ ဦးအီလူ၏ ဧည့်မထအခြား ၂ ဒသမ ၀၂ ဧက မိုးစပါးစိုက်ခင်း၌ ပြုလုပ်သည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ကရင်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ ဘားအံခရိုင် မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက တောင်သူများနှင့်အတူ ဦးအီလူ၏ ဧည့်မထနှင့်အခြားစပါးမျိုးသင့်စံကွက်တွင် ၆ ဒသမ ၆ ပေပတ်လည်တစ်ဧက၏ တစ်ထောင်ပုံတစ်ပုံ(သုည ဒသမ ၀၀၁)ဧက ထောင့်ဖြတ်သုံးကွက်ကို ရိတ်သိမ်းခဲ့ကြပြီး ရရှိလာသောစပါးများကို ပျမ်းမျှရယူ၍ ကိုယ်စားပြုစံကွက်တစ်ကွက်အဖြစ် သတ်မှတ်ရာ တစ်ဧကအထွက်နှုန်း ၅၆ ဒသမ ၆၇ တင်းရရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပ ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧကတင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧက စပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီကမ်းခြေဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများနှင့်တွေ့ဆုံ

### ဒေသတွင်း ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် သံတွဲခရိုင် ငပလီကမ်းခြေဒေသ ဂေါ့ရပ်ကွက်ရှိ Jasmine Ngapali Resort သို့ရောက်ရှိပြီး ပွင့်လင်းရာသီကာလအတွင်း ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်တည်းခိုနိုင်ရေးအတွက် ဟိုတယ်ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သံတွဲခရိုင် လင်းသာချောင်းရွာရှိ ငပလီရေလှောင်တမံသို့ ရောက်ရှိရာ ငပလီမြို့စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာက ရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်မှုအခြေအနေ၊ ရပ်ကွက်များနှင့် ဟိုတယ်/တည်းခိုရိပ်သာများသို့ ရေပေးဝေနိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကိုမေးမြန်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

အဆိုပါ ရေလှောင်တမံကို ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ထားရှိပြီး ရေပေးဝေမှုအနေဖြင့် ရပ်ကွက်နှစ်ခု၊ အိမ်ခြေပေါင်း ၁၁၁၀ နှင့် ဟိုတယ်/တည်းခိုရိပ်သာ ၄၆ လုံးကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ငပလီကမ်းခြေဒေသ၊ မြပြင်ကျေးရွာရှိ Aureum Palace Hotel & Resort လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ငပလီကမ်းခြေ Amata Hotel လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး ဟိုတယ်အစည်းအဝေးခန်းမ၌ ငပလီကမ်းခြေဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများနှင့် ငပလီကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းနေရာမှ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်း ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုအနေဖြင့် လက်ရှိအချိန်တွင် လေးရာခိုင်နှုန်းခန့်သာရှိတော့သဖြင့် ခရီးသွားဧည့်သည်များသည် ကမ်းခြေဒေသများနှင့် အခြားခရီးစဉ်ဒေသအများအပြားသို့သွားရောက်လည်ပတ်နေကြပြီဖြစ်ကြောင်း။

**ကျင်းပဆောင်ရွက်သွားမည်**

ထို့ကြောင့်မကြာမီကာလအတွင်း ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငပလီကမ်းခြေ ဆောင်းဦးပွဲတော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငပလီကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ လာရောက်တည်းခိုရာတွင် စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေး ဂရုတစိုက် ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုရှိသော ဝန်ဆောင်မှုကောင်းများပေးရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဧည့်သည်များ လက်ခံရာတွင် ကိုဗစ်-၁၉ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် သရုပ်ပြရုပ်သံဗီဒီယိုကို ဟိုတယ်များ၏ ဧည့်ခန်းမ၊ အစည်းအဝေးခန်းမ၊ စားသောက်ခန်းမနှင့် အိပ်ခန်းအတွင်းရှိ တီဗွီများတွင် ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း။

ခရီးသွားလုပ်ငန်း၏ ဆင့်ပွားအကျိုးသက်ရောက်မှုရှိသောကြောင့် ဒေသတွင်း ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ငပလီကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပိုမိုများပြားစွာ လာရောက်လည်ပတ်နိုင်ရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ရရှိခံစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူးက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များအား Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်အားပေးအပ်ရာ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၅၅ ဦးနှင့် အမျိုးသမီး ၄၄ ဦး စုစုပေါင်း ၉၉ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားတစ်ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၉၉ ဦးနှင့် အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၄၉၆ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# အထူးအပါး

မောင်မဲတူ

သူငယ်ချင်းရာ မင်းလည်းသိတဲ့အတိုင်းပဲလေ။ ကိုယ်က တောသားပီသတယ်ပဲ ပြောချင်ပြောပေတော့။ ဆိုင်းတို့၊ ဇာတ်တို့ဆို အလွန်ကြိုက်တယ်။ လေး၊ ငါး၊ ဆယ်မိုင်ဝေးတဲ့ရွာ ဖြစ်ပစေ။ လသာသာ၊ လမိုက်မိုက် သူငယ်ချင်း သုံး၊ လေးယောက်စုပြီး အလှူရှိတဲ့ရွာက ညပိုင်းဧည့်ခံဆိုင်းကို ကြိုးကြိုးစားစားသွားနားထောင်တာပဲ။

ယာတော၊ သဲတောနဲ့ လှည်းလမ်းပဲပေါက်တဲ့ ရွာတွေလေကွာ။ ခုခေတ်လို ကားတွေ၊ ဆိုင်ကယ်တွေလည်း ရွာမှာမရှိကြပါဘူး။ မြေမာလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းတွေလည်း တစ်ရွာနဲ့တစ်ရွာ ဘယ်ရှိမလဲ။ သဲမြေ၊ တောလမ်း၊ လှည်းလမ်း။

နွားလှည်းရှိပြီး မိဘက ကြည်ဖြူခွင့်ပြုတဲ့ လူအိမ်က လှည်းနဲ့နွားကိုယူပြီး နွားလှည်းနဲ့ အလှူဧည့်ခံဆိုင်းကို ညပွဲမီအောင် မောင်းသွားကြတာပေါ့။ ဆိုင်းကောင်းတယ်လို့ နာမည်ကြီးရင် ကိုယ်တို့ အညာမြေလတ်ဒေသမှာ ပတ်ဝန်းကျင်ရှိ လေး၊ ငါး၊ ဆယ်ရွာက လူကြီး၊ လူငယ်တွေ လာနားထောင်ကြတယ်ဗျ။ အလှူရှင်နဲ့ ခင်ခင်၊ မခင်ခင် ဆိုင်းကတော့ နားထောင်လို့ရပါတယ်။ ပရိသတ်များလေကြိုက်လေပေ့ါ။ အလှူမဏ္ဍပ်ရှေ့က ပွဲဈေးတန်းမှာ မုန့်ဟင်းခါး၊ ဗယာကြော်၊ ဘူးသီးကြော် ညနေစာ အဆာပြေစားပေ့ါ။

၁၉၅၀–၁၉၆၀ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ကျော်က ကိုယ်တို့ချောက်မြို့ပေါ်က စိန်ကုလား၊ စလေက ကောလိပ်ရွှေ၊ ကျောက်ပန်းတောင်းက စိန်လှတင်နဲ့ ဆင်ဖြူကျွန်းက ကိုတင်မောင် စတဲ့ ဆိုင်းဆရာတွေ ထင်ရှားပါတယ်။ မြင်းခြံက စိန်မြင့်အောင်လည်း အချို့နှစ်တွေမှာ အလှူပွဲငှားတာ နားထောင်ဖူးပါတယ်။

အဲဒီတုန်းက ကက်ဆက်တွေ၊ တီဗွီတွေ၊ လက်ကိုင်ဖုန်းတွေလည်း မပေါ်သေး၊ မရှိသေးဘူးလေ။ မှန်စီရွှေချဆိုင်းဝိုင်းကြီးနဲ့ စည်သံ၊ ပြောသံ ဆူဆူညံညံနဲ့ အလှူပေးတဲ့နေရာမှာ ဂီတ အနုပညာသောတအရသာလည်း ပေးဝေလှူဒါန်းခြင်းဟာ တစ်ခုအပါအဝင်ပဲမဟုတ်လား။ အနုပညာက လူကို စိတ်ထားစိတ်နေ နူးညံ့ပျော့ပျောင်းစေပါတယ်။ စိတ်ကောင်းစိတ်မြတ်တွေလည်း တိုးပွားစေပါတယ်။ ဘာသာတရားနဲ့ယှဉ်ပြီး လူတွေရဲ့ ဂုဏ်ရည်ကိုလည်း မြှင့်တင်တယ်လေ။

**ဂီတအနုပညာနဲ့ ဆွဲဆောင်ညွှန်ပြ**

လူသားတိုင်းဟာ ချမ်းသာဆင်းရဲ မခွဲ၊ ကျား/မ မရွေး၊ ကြီးသူ၊ ငယ်သူ မဟူ၊ ဘယ်သူပဲဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ ရဟန်းသံဃာပဲဖြစ်စေဦး သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဆိုတဲ့ စောင့်ထိန်းကျင့်သုံးအပ်တဲ့ သိက္ခာသုံးပါးကို တန်ဖိုးထားလေးစားတတ်အောင် ဂီတ အနုပညာနဲ့ ဆွဲဆောင်ညွှန်ပြတာတွေလည်း ရှိတယ်လေကွယ်။ ဒါတွေဟာ Value Concept။

မဟာဂီတဦးပြုံးချိုရဲ့ တေဘုမ္မာ(တေးဘုမ္မာမဟုတ်ဘူးနော်။ တေဆိုတာတြိ = Three = သုံးခုဆိုတဲ့ အရေအတွက်။ ဘုမ္မာဆိုတာကတော့စကြဝဠာလောကဖွဲ့စည်းပုံအရ ရှိထားတဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံဆိုတဲ့ ဘူမိသုံးလွှာပေ့ါ။ ကာမဘုံ ဘာညာစသဖြင့်လည်း ရှိသေးတယ်ကွယ်၊ ကာမ ၁၁ ဘုံ ပါသေးတယ်။ ရူပဘုံ၊ အရူပဘုံဆိုတာတွေလည်း ပါသေးဗျာ။)

ဆိုင်းနောက်ထတွေက ရယ်စရာပဲပြောတတ်ရတာမဟုတ်ဘူးမောင်။ အသံနေအသံထားနဲ့ စည်းကိုက် ဝါးကိုက် (နှဲသံမောင်းသံနဲ့ကီးကိုက်အောင်) ဆိုတတ်ရသေးတယ်။

လွယ်တော့မလွယ်ဘူးမောင်ရေ့။ သုခမှတ်စုတို့၊ အရှင်ဩဘာသာဘိဝံသတို့ စုဆောင်းပြုစုထားတဲ့ သရုပ်ပြအဘိဓာန်တို့ကို ထုံးလိုချေ ရေလိုနှောက်ပြီး မျိုချထားရမလားမသိဘူး၊ ပရိသတ်အခြေအနေ၊ မြို့ရွာအခြေအနေ၊ တိုင်းပြည်နိုင်ငံရေးအခြေအနေနဲ့ ဆီလျော်သက်ဆိုင်တာတွေကိုလည်း မထူမပါးပြောတတ်ရသေးတယ်။

မထူမပါးဆိုတာကဘာလဲ။

ထူလည်းမထူရဘူး။ ပါးလည်းမပါးရဘူး၊ နည်းလည်းမနည်းရဘူး။ များလည်းမများရဘူး။ လွဲလည်းမလွဲရဘူး။ လွန်လည်းမလွန်ရဘူး။ အထူအပါးကို နားလည်ရတယ်။ အသုံးချရတယ်။

ဆိုင်းဝိုင်းထဲမှာ ငုံ့ပြီးတီးနေတဲ့ ဆိုင်းဆရာရဲ့ မျက်နှာကို မမြင်ရ မကြည့်ရဘဲနဲ့ သူ ဘယ်သီချင်း၊ ဘယ်တီးလုံးကို ဘယ်ကီး (သံစဉ်)နဲ့ တီးတော့မယ်ဆိုတာ ဆီလျော်အောင် လမ်းခင်းပေးရတာကိုး သူငယ်ချင်းရ။ အကဲခတ်တတ်ရတယ်။

ဟုတ်တယ်၊ မလွယ်ဘူး။



ဆိုင်းပွဲတီးရတာ နေ့ပွဲနဲ့ညပွဲမတူဘူး။ ဝါဆိုပွဲနဲ့ ပြာသိုပွဲမတူဘူး။ ရာသီဥတု အပူအအေး၊ ရေငွေ့အထူအပါးအရ ဗုံသံက သားရေနဲ့လုပ်ထားတာကိုး။ အတင်း၊ အလျော့၊ အမာ၊ အပျော့ ပြောင်းလဲနေတတ်တယ်။ ဒါကို ကီးအသံကိုက်အောင် ပတ်စာ၊ ရေစာ ပြုပြင်ပြောင်းလဲပြီးမှ တီးကြရတယ်။ ဒီတော့ ကီးကြောင်မနေအောင် ပတ်စာကို ရေဆွတ်ပေးသင့်ပေးရတယ်။ ဘေးအနားသားရေကို တင်းအောင်ဆွဲပေး၊ ခေါက်ပေး စသဖြင့် အသံညှိရတယ်။ ဗုံတစ်လုံးချင်းရဲ့ စမ်းလို့ထွက်လာတဲ့အသံ မှန်၊ မမှန်၊ ကိုက်၊ မကိုက် နားစောင့် သိမြင်ရတယ်ဗျ။ တိန့် တိန့်။

**နောက်ထလုပ်သူရဲ့ အခြေအနေကိုကြည့်ပြီး ညှိနှိုင်းလုပ်ဆောင်ရတဲ့ အထူးအပါးသဘောဆိုတာကလည်း အနုပညာ၊ အတတ်ပညာ အရည်အသွေးရှိလာမှ အထူအပါး သိသိလာတာခင်ဗျ။ ဆရာကောင်းထံ နည်းနာခံမှ ဝမ်းစာရ၊ ပညာရတယ်ပေါ့။ အတွေ့အကြုံ ကိုယ်တိုင်အသိမှတ ရှိခဲ့ရမယ်။ မှတမပါ လက်ာမချောတဲ့ဗျ။ အတွေ့အကြုံ ဖြတ်သန်းမှုအတွေ့အကြုံဆိုတာ လိုပါတယ်။**

ဝိုင်းထဲက ဆိုင်းဆရာ ပတ်လုံးကို ပတ်စာ၊ ရေစာပြုပြင်နေချိန်မှ ဆိုင်းနောက်ထက ပရိသတ် စိတ်ဝင်စားမယ့် ဆီလျော်ရာစကားမျိုးတွေ ပြောတတ်ရတယ်။ တိုသင့်ရင် တိုပေ့ါ၊ ဆိုင်းဆရာ အသံပြင်နေရတာ မပြီးသေးရင်တော့ ရှည်ရှည်လေး ပြောပေးပေ့ါ။

**ဆရာကောင်းထံ နည်းနာခံ**

နောက်ထလုပ်သူရဲ့ အခြေအနေကိုကြည့်ပြီး ညှိနှိုင်းလုပ်ဆောင်ရတဲ့ အထူအပါးသဘောဆိုတာကလည်း အနုပညာ၊ အတတ်ပညာ အရည်အသွေးရှိလာမှ အထူအပါး သိသိလာတာခင်ဗျ။ ဆရာကောင်းထံ နည်းနာခံမှ ဝမ်းစာရ၊ ပညာရတယ်ပေါ့။ အတွေ့အကြုံကိုယ်တိုင်အသိမှတ ရှိခဲ့ရမယ်။ မှတမပါ လက်ာမချောတဲ့ဗျ။ အတွေ့အကြုံ ဖြတ်သန်းမှု အတွေ့အကြုံဆိုတာ လိုပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနအောက်က ရန်ကုန်နဲ့မန္တလေး ပန်တျာကျောင်းတွေဟာ မြန်မာ့ရိုးရာ ဂီတအနုပညာဆိုင်းနဲ့ ဇာတ်သဘင်ပညာတွေကို ယဉ်ကျေးမှု မပပျောက်၊ မညှိုးမှိန်ဘဲ အစဉ်အဆက်ရှင်သန်နေအောင် ကောင်းကျိုးထူထောင်ပေးနိုင်ခဲ့ကြပါပေတယ်။ သဘောတရားကော၊ လက်တွေ့ရောပေ့ါ။

သဘင်လောကမှာ ပန်တျာကြည်လင်၊ ပန်တျာတင်တင်မြင့် စသဖြင့် အများကြီးပါ။ အမာစိန်၊ နွဲ့နွဲ့စန်း၊ ပန်တျာငွေးငွေးမြင့် စသဖြင့် မနည်းပါဘူး။ မင်းသား၊ မင်းသမီး၊ လူရွှင်တော်။

**အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ထောက်ကူ**

ဆိုင်းလောကမှာလည်း စံမတူ၊ စိန်ကြည်မြ၊ မင်္ဂလာ ဦးစိန်နွဲ့၊ ရွှာစားကြီး စိန်ဗေဒါရဲ့ သားတပည့်၊ မြေးတပည့်တွေကတစ်ဆင့် ဆင့်ပွားသင်ကြားပျိုးထောင်လာခဲ့ကြတာ မန္တလေးက စိန်မွတ်တား၊ ယနေ့လူငယ်ဆိုင်းဆရာတွေအထိ လက်ဆင့်ကမ်းအမွေတွေ မျှဝေခဲ့ကြလို့ပေပဲ။ ဆရာကြီးဦးဟန်ပ၊ ဦးဘမောင်၊ စိန်ဗိုလ်တင့်၊ စိန်စတင်း၊ နာမည်ကျော်ဆိုင်းဆရာတွေ မနည်းပေါင်ကွယ်။ တို့ကတော့ ဆိုင်းဆရာတွေကို တစ်မျိုးစီကောင်း၊ တစ်ဘာသာစီတော်ကြပေတယ်လို့ မြင်ပါတယ်။ ဆိုင်းပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေး ဖော်ထုတ်တင်ဆက်ဖျော်ဖြေပေးတဲ့ ရုပ်သံဌာန တာဝန်ရှိပုဂ္ဂိုလ်တွေကိုလည်း လေးစားဂုဏ်ပြုပါတယ်။ ချီးမွမ်းအားပေးပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ကျက်သရေတင့်အောင် မြှင့်တင်ထောက်ကူကြတဲ့ ပညာရှိတွေပါပဲ။

စိန်ဗေဒါ၊ ဦးဟန်ပ၊ စိန်ဘမောင်၊ မြန်မာညွှန့်၊ ဦးချစ်မောင်၊ ဒေါ်အောင်ကြည်၊ ဒေါ်စောမြအေးကြည် အစရှိတဲ့ အနုပညာရှင်ကြီးတွေရဲ့ အမွေပေးသင်ပြခဲ့တဲ့ ကျေးဇူးတွေပေ့ါကွယ်။

တကယ်တော့ ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့ရတဲ့အခါ အောက်မြန်မာပြည်ဆို နှစ်ပေါင်းတစ်ရာနီးပါး၊ ရတနာပုံမန္တလေးနေပြည်တော်နဲ့ အထက်မြန်မာပြည်ဆို ၆၂ နှစ်။ အင်္ဂလိပ်က မြန်မာတွေရဲ့ ဇာတ်သဘင်နဲ့ ဆိုင်းပွဲ၊ အငြိမ့်ပွဲတွေကို ပြင်းပြင်းထန်ထန်တော့ မနှိပ်ကွပ်ခဲ့ဘူး။ အလိမ္မာနဲ့ ဂရိတ်ဦးဖိုးစိန် ကတစ်ဆင့် ဗြိတိန်ဘုရင်မကြီးရဲ့ ဘုန်းသမ္ဘာနဲ့ ကမ္ဘာကိုသိမ်းပိုက်အုပ်ချုပ်နိုင်တဲ့ တန်ခိုးအာဏာကို လူတွေက လေးစားရိုသေအောင် အနုနည်းနဲ့ ဆွဲဆောင်သိမ်းသွင်းတယ်။ ဒါမျိုးတွေ လုပ်တယ်။

သခင်အောင်မောင်း၊ မင်္ဂလာဦးအောင်မောင်းရဲ့ မျိုးချစ်စိတ်ထက်သန်ရေးသီချင်းတွေ၊ အဆိုအကတွေဆိုရင် ပိတ်ပင်တားမြစ်တယ်။ သုံးရောင်ခြယ် အလံအကြောင်းတွေ၊ အမျိုးသားရေးစိတ်ဓာတ်နိုးကြားအောင် လှုံ့ဆော်တာမျိုးတွေဆို လက်မခံဘူး။ ပွဲမိန့်မပေးဘူး။ ဖျက်တယ်။ လုံးဝအားမပေးဘူး။ ထားပါတော့။ ကိုလိုနီနယ်ချဲ့ကတော့ မျိုးချစ်စိတ်နဲ့ အမျိုးသားရေးခံယူချက်ကို နည်းမျိုးစုံနဲ့ ဖျက်ဆီးနှိပ်ကွပ်တာ သူ့အလုပ်ပဲ။ သူက နယ်ချဲ့ စိုးမိုးဖို့ပဲ ရည်ရွယ်တာလေ။



စာမျက်နှာ ၇ သို့ ❍

❍ စာမျက်နှာ ၆ မှ

ဆိုင်းအကြောင်းပဲပြောကြရအောင်။

ဆိုင်းဆရာ၊ ဆိုင်းပညာ။ ဆိုင်းအဖွဲ့မှာ အမျိုးအစားခွဲရင် နှစ်မျိုးရှိပေမှာပဲ။

၁။ **အရပ်ဆိုင်း**။ အပျော်တမ်းတီးတဲ့ အဖွဲ့မျိုး၊ ကိုယ့် ရွာသားပဲ။

၂။ **ပညာရှင်ဆိုင်း**။ အသက်မွေးဝမ်းကျောင်း အနုပညာရှင်တွေ ပါဝင်ဖွဲ့စည်းထားတယ်။

ဆိုင်းပညာနဲ့ အသက်မွေးကြသူတွေကို အမျိုးအစားခွဲရင် လေးမျိုးရှိတယ်ဆိုကြတယ်–

၁။ **ရုပ်သေးဆိုင်း**။ အခက်ခဲဆုံးနဲ့ ပညာအပါဆုံးပဲလို့ ဆိုတယ်။ ဇာတ်စင်ပေါ်က သရုပ်ဆောင်သူက အရုပ်မျက်နှာဆိုတော့ ငိုလည်း ဒီမျက်နှာ၊ ရယ်လည်း ဒီမျက်နှာပဲ။ မျက်နှာသေမျက်နှာထား ပုံသေပေကိုး။ ခံစားချက် မပေးနိုင်ဘူးလေ၊ အထောက်အကူမရဘူး။

ဒီတော့ ဆိုသူ၊ ပြောသူ၊ တီးသူ၊ မှုတ်သူက ပရိသတ်ကို လွမ်းအောင်ဆွေးအောင်ဖြစ်ဖြစ်၊ ရယ်အောင်မောအောင် ဖြစ်ဖြစ် ပရိသတ်ကို အာရုံငြိပြီး ဖမ်းစားမိအောင် အတော်ကြိုးစားပြီး ဆိုရတီးရတယ်။ ဆိုင်းအနုပညာမှာ အတော်သိမ်မွေ့နက်နဲတဲ့ အလုပ်ပါပဲ။

၂။ **ဇာတ်ဆိုင်း**။ ရုပ်သေးဆိုင်းလောက် မခက်ခဲသော်လည်း နောက်ခံကန့်လန့်ကာ တောကား တောင်ကား၊ ထီးနန်းရင်ပြင်၊ မြို့ရွာနေအိမ်စသည်ဖြင့် ပန်းချီကားအခံနဲ့လိုက်ဖက်ဆီလျော်အောင် ရုပ်ခံလေးနဲ့ တီးရမှုတ်ရတယ်။ ဇာတ်ကွက်ကို အသက်ဝင်အောင် ပို့ကြရတယ်။ ပတ်ခံလေဆိုတာနဲ့လည်း အထောက်အကူပေးရသေးတယ်။ပြောတဲ့စကား၊ ဆိုတဲ့သီချင်းနဲ့ ကိုက်ညီအောင်တီးရမှုတ်ရတာတွေပေါ့။ ခြောက်ပေါက်နဲ့ကြီးလား၊ ပလွေလား စသည်ဖြင့်။

၃။ **ဗလာဆိုင်း၊ ညှော့ခံဆိုင်း**။ အလှူမင်္ဂလာပွဲ၊ လက်ထပ်မင်္ဂလာပွဲ၊ ဘုန်းကြီးပျံပွဲစသည်။

၄။ **နတ်ဆိုင်း၊ နတ်ပွဲတီးတဲ့ဆိုင်း** ။ ဆိုင်ရာနတ်နဲ့ သင့်တော်ရာ နတ်ချင်းနတ်ဒိုးတွေ တီးမှုတ်ပေးကြရတယ်။

ရုပ်သေးဆိုင်း၊ ဇာတ်ဆိုင်း၊ ဗလာဆိုင်း၊ နတ်ဆိုင်း အားလုံးက လိုင်းတစ်မျိုးစီ၊ ဘာသာရပ် တစ်မျိုးစီ ကွဲတယ်။

ပရိယေသနဝမ်းစာအနေနဲ့ အသက်မွေးဝမ်းကျောင်း အတတ်ပညာ အနုပညာတစ်ရပ်ဖြစ်တဲ့ ဆိုင်းပညာဟာ လေ့လာဆည်းပူးလို့ မကုန်နိုင်အောင် နက်နဲကျယ်ဝန်းပါတယ်။

သဘင်၊ အငြိမ့်၊ ဇာတ်၊ ဆိုင်း၊ အတီးအမှုတ်ဂီတတွေအပါအဝင် အနုပညာဟာ ရသသဘော ပရိသတ်ကို ဆွဲဆောင်ဖမ်းစား ညှို့ငင်ကြရတယ်။ ရသကိုးပါး၊ ရသရှစ်ပါး၊ ရသ ၁၀ ပါးဆိုပြီး အဆိုအမိန့် အသင်အကြားအမျိုးမျိုး ကွဲပြားခဲ့ကြတာလည်းရှိတယ်။

ဒီနေရာမှာတော့ အလွယ်ဆုံး အရှင်းဆုံး ရသသုံးမျိုး(သုံးပုံ) ခွဲခြားတာကိုပဲ တင်ပြလိုပါတယ်။ အကျယ်တော့ မဖော်ပြတော့ဘူးနော်။

၁။ **အလွမ်းရသ**။ သိင်္ဂါရ၊ အမ္ဘုတ၊ ဝီရ၊ သန္တ။

၂။ **အဆွေးရသ**။ ကရုဏာ၊ ရုဒ္ဒ၊ ဝိဘစ္ဆ၊ ဘယာနက။

၃။ **အသောရသ**။ ဟာဿရသ။

အနောက်တိုင်းကတော့ Comedy– ဟာသ၊ ဇာတ်မြူးရယ်စရာရသ ဖန်တီးမှုသဘော၊ Tragedy– ကံဆိုးမိုးမှောင်ကျခြင်း၊ အလွမ်းဇာတ်၊ အဆွေးဇာတ်သဘော စတာတွေအပြင် Realism–သရုပ်မှန်ဝါဒ၊ Surrealism–အိပ်မက်ဆန်ဆန် စိတ်ကူးယဉ်သရုပ်ဖော်မှု စသည်ဖြင့် ရသအနုပညာကို ဂီတနဲ့သရုပ်ဖော်ကြတာတွေလည်း ရှိကြသပေါ့ကွယ်။ ကြည်နူးဖွယ်ရာ Romantic Music ကို ဖန်တီးတတ်ကြပါတယ်။ မြန်မာ့ရိုးရာဂီတ ဆိုင်းဝိုင်းဟာ အနုပညာရသ အပြည့်အဝပေးနိုင်စွမ်းရှိတဲ့ ဂီတအတတ်ပညာ၊ နက်နဲတဲ့အနုပညာတစ်ရပ်ဖြစ်ပါတယ်။ သူ့ပညာရပ်ထဲမှာ အထူးအပါးကျွမ်းကျင်မှုတွေ လှလှပပခံစားတတ်အောင် ဆွဲဆောင်မှုရှိနေပါတယ်။ ။

# ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေစွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီ၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီး ကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ ကုမ္ပဏီ လေးခုမှ ယာဉ်စီးရေ ရှစ်စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်ထုတ်သည့်စက် ခြောက်ခုနှင့် နှာခေါင်းစည်း ၂၇ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် ခြောက်ခုမှာ ရေစကြိုမြို့၊ မြို့သစ်မြို့တို့သို့ နှစ်ခုစီနှင့် မြစ်ကြီးနားမြို့၊ ရေနံချောင်းမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

**တင်သွင်းခွင့်ပြု**

နိုဝင်ဘာ ၁ ရက်မှ ၁၃ ရက်အတွင်း ကုမ္ပဏီ ၃၇ ခုမှ ယာဉ်စီးရေ ၇၀ ဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်ဖြင့် ၁၅၅ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ယာဉ်ဖြင့် ခြောက်တန်၊ အောက်ဆီဂျင်(အိုးခွံ) အလုံး ၆၃၆၀၊ အောက်ဆီဂျင်ထုတ်သည့်စက် ၁၃ ခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် ၁၅ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၂၃ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၈၃၄၀၀၊ လက်အိတ် ၃၇ တန်နှင့် နှာခေါင်းစည်း ၃၉၈ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုဝင်ဘာ ၁ ရက်မှ ၁၃ ရက်အတွင်း ပြည်ပမှတင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ရှစ်စီးမှာ ရန်ကုန်မြို့သို့ ငါးစီး၊ မော်လမြိုင်မြို့သို့ နှစ်စီးနှင့် နေပြည်တော်သို့ တစ်စီးဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် စုစုပေါင်း ၁၃ ခုမှာ ရန်ကုန်မြို့သို့ ခြောက်ခု၊ ရေစကြိုမြို့၊ မြို့သစ်မြို့တို့သို့ နှစ်ခုစီနှင့် ဓနုဖြူမြို့၊ မြစ်ကြီးနားမြို့၊ ရေနံချောင်းမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။




**သတင်းစဉ်**

## ကိုဗစ်– ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃–၁၁–၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 2 | Injection- Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 3 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 4 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 5 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 6 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 7 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 8 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 9 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 10 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရက်ချိန်းအား Online Booking စနစ်ဖြင့် ဝန်ဆောင်မှုပေး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများတွင် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရက်ချိန်း ကြိုတင်စာရင်းသွင်းသည့်စနစ်(Online booking system) ကို နိုဝင်ဘာ ၈ ရက်မှစတင်၍ ပြောင်းလဲကျင့်သုံး ဝန်ဆောင်မှုပေးလျက်ရှိသည်။

**ဝန်ဆောင်မှု ပေးလျက်ရှိ**

မိမိယာဉ်မောင်းလိုင်စင် သက်တမ်းတိုးမှုကို www.rtad.gov.mm Website တွင် Online booking ကို အနည်းဆုံးတစ်ရက်မှ အများဆုံးရက် ၃၀ အထိ ကြိုတင်ရယူနိုင်ပြီး Online Booking System အား က၊ က–၁၊ ခ၊ ဃ၊ င စသည့်တို့အတွက် သက်တမ်းတိုး ယာဉ်မောင်းလိုင်စင်များအတွက်သာ ဆောင်ရွက်မည်ဖြစ်ပြီး သ၊ ဂ၊ ဌ၊ စ၊ ဟ စသည်တို့ သက်တမ်းတိုးမည့် ယာဉ်မောင်းလိုင်စင်များနှင့် နယ်ဝင်နှင့် ပျောက်/ပျက်မိတ္တူ ဆောင်ရွက်မည့် ယာဉ်မောင်းလိုင်စင်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်း ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရုံးဖွင့်ရက်တို့တွင် နံနက်ပိုင်း ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ လေးကြိမ်ခွဲ၍ ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးစောင်ရေ ၂၀၀၊ အနောက်ပိုင်းခရိုင်ရုံးစောင်ရေ ၄၀၀၊ တောင်ပိုင်းခရိုင် ရုံးစောင်ရေ ၁၂၀ နှင့် မြောက်ပိုင်းခရိုင်ရုံး၌ စောင်ရေ ၂၅၀ ဖြင့် တစ်ရက်လျှင် ခရိုင်ရုံးလေးခု၌ စောင်ရေ ၉၇၀ ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ရုံးတို့တွင် လူစုလူဝေးဖြင့်ဆောင်ရွက်ရသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးသင်တန်းများနှင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုစစ်ဆေးခြင်းလုပ်ငန်းတို့ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ ရက်မှစ၍ ခေတ္တရပ်ဆိုင်းခဲ့သည်။ ယခုအခါကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုလျော့ကျခဲ့ရာ ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးခြင်းကို Online Booking စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) တစ်နေရာတည်း၌ ခ ယာဉ်မောင်းလိုင်စင်၊ ဃ ယာဉ်မောင်းလိုင်စင်၊ င ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုလိုသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း တက်ရောက်လိုသူများအနေဖြင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲထိ တစ်ရက်လျှင် လူဦးရေ ၄၀ ဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး အချက်အလက်များကို သိရှိလိုပါက နေပြည်တော် ဖုန်းနံပါတ် ၀၆၇–၃၄၀၅၀၉၉နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် တိုင်းဒေသကြီး (ရန်ကုန်ဖုန်းနံပါတ် ၀၁–၅၇၀၉၆၇၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ဖုန်းနံပါတ် ၀၁–၂၅၈၅၀၈၂ သို့လည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

# ဆရာ ဆရာမများသည် ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်

**ပြည် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့အတွင်းရှိ ပညာရေးဒီဂရီကောလိပ်နှင့် ပြည်တက္ကသိုလ်သို့ သွားရောက်၍ ပညာရေးဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ရှိ ပြည်ပညာရေး ဒီဂရီကောလိပ် ခေတ္တရာခန်းမသို့ သွားရောက်၍ မွမ်းမံသင်တန်း တက်ရောက်နေသည့် အခြေခံပညာ ဆရာ ဆရာမများအား တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး သင်တန်းတက်ရောက်နေသည့် အခြေခံပညာ ဆရာ ဆရာမ ၁၀၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၁၄၀၀၀၀၊ တဘက်အကြီး ၁၀၇ ထည်၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ပညာရေးဒီဂရီကောလိပ်အတွက် သီးခြားထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့အား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တက္ကသိုလ်သို့ သွားရောက်ကာ သရုပ်ပြ၊ နည်းပြ ဆရာ ဆရာမ သစ်လွင်များ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မွမ်းမံသင်တန်း တက်ရောက်နေသည့် သရုပ်ပြ၊နည်းပြ ဆရာ ဆရာမ ၁၁၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၃၈၀၀၀၀၊ တဘက်အကြီး ၁၁၉ ထည်၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ပြည်တက္ကသိုလ်အတွက် သီးခြားထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

**ပြုစုပျိုးထောင်**

အဆိုပါအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများအနေနှင့် ကျောင်းသား ကျောင်းသူများ အပေါ် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ စံနမူနာပြ ဆရာ ဆရာမများဖြစ်အောင် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ကာ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားများ၏ အတွေးအခေါ်မြင့်မားကာ မိမိခြေလှမ်းပေါ် မိမိရပ်တည်နိုင်ပြီး ဘဝတိုးတက်မှုရှာဖွေနိုင်သော အနာဂတ်လူငယ်များဖြစ်လာအောင် ဆရာ ဆရာမများက ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ သစ်လွင် ဆရာ ဆရာမများသည် ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြရမည့်သူများ ဖြစ်သည့်အတွက် ယနေ့မှစ၍ အားထုတ်ကြိုးပမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တက္ကသိုလ်ဝင်းအတွင်းရှိ ကျောင်းသူ ၁၉၂ ဦးဆံ့ ရတနာဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လေးခန်းတွဲ လေးထပ် ဆရာ ဆရာမအိမ်ရာ တည်ဆောက်နေမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# တောင်ကုတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တောင်ကုတ် နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကုတ်မြို့သို့ ရောက်ရှိပြီး တောင်ကုတ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်စစ်ဆေးရေးစခန်းသို့ ရောက်ရှိပြီး ဆိပ်ခံတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ကုန်ပစ္စည်းစစ်ဆေးရေးစခန်း (Check Point) ၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂူတာရပ်ကွက်၊ ဆေးရုံကွက်သစ်(၂)လမ်းမကြီး၌ တံတား တည်ဆောက်မည့်နေရာနှင့်တောင်ကုတ် တက္ကသိုလ်ရှိ ပညာရိပ်သာ၊ Community Centre နှင့် ဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂူတာရပ်ကွက်၊ ဦးဥတ္တမလမ်းရှိ ကမ်းထိန်းနံရံပြိုကျမှုနှင့် နေအိမ်များ ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးကာ နေအိမ်ဆုံးရှုံးခဲ့ကြသည့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းရှူးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး

**မိုင်းရှူး နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှမိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၁၁ နာရီခွဲက မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်(ခွဲ) ဝမ်ကန်ရတနာမြေအမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပန်းခင်းစီမံချက်ဖြင့် ဟိုခိုက်ကျေးရွာအုပ်စု ပါလိတ်ကျေးရွာ၊ အောင်မင်္ဂလာသိဒ္ဓိဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းရှိ ကျောင်းသား ၂၅ ဦး၊ ကျောင်းသူ ၂၇ ဦးတို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများသည် မိုင်းရှူးမြို့နယ် လှိုင်ဆောင်ထောက်တိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ မြို့နယ်ဆရာဝန်ဒေါက်တာ အောင်ထူးနှင့် ဆရာ ဆရာမတို့အားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်နှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

**ထောက်ပံ့ပစ္စည်းပေးအပ်**

ထို့နောက် မိုင်းရှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် နှာခေါင်းစည်းခုရေ ၂၅၀၀၀၊ Flow meter ၁၀ ခု၊ လက်သန့်ဆေးရည်ဘူး ၅၀၊ Oxygen ၄၀ လီတာအိုး ၁၀ အိုး၊ Oxygen Concentrator ကိုးလုံးနှင့် ငွေကျပ် ၁၀ သိန်းတို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ထောက်ပံ့ပစ္စည်းများပေးအပ်ရာ မိုင်းရှူးမြို့နယ် ခေတ္တမြို့နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာဖြိုးဟိန်းသူနှင့် မိုင်းရှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက လက်ခံရယူကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မြစ်ကြီးနား နိုဝင်ဘာ ၁၃**

မြစ်ကြီးနား တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီမှစ၍ ဆောင်ရွက်ခဲ့ကြသည်။

**စုပေါင်းဆောင်ရွက်**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်၊ ရဲမေများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက မြစ်ကြီးနားတက္ကသိုလ် ပရဝဏ်အတွင်း လမ်းဘေးဝဲ/ယာ တစ်လျှောက် ချုံနွယ်၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ရိတ်ခြင်း၊ အမှိုက်များကောက်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနား တက္ကသိုလ်ဝင်း အတွင်း သန့်ရှင်းသာယာလှပရေး အတွက် ထပ်မံဆောင်ရွက်ရမည့် အစီအစဉ်များနှင့် ပတ်သက်၍ လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများ ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ အားပေးကြည့်ရှုရာတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဥပဒေရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဥပဒေရေးရာ ဝန်ကြီးဌာနသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်းများကို စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။




ယခုအခါ အခြားသော ပြည်ထောင်စု ဝန်ကြီးဌာနများအတွက် စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုခြင်းဆိုင်ရာ အခြေခံ သင်တန်းကို ဖွင့်လှစ်၍ သင်တန်းတက်ရောက်ပြီးသော အရာထမ်းများမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်သူများနှင့် ဥပဒေပညာ စိတ်ဝင်စားသူများအတွက် ဥပဒေအသိပညာပြန့်ပွားစေရန်နှင့် စာချုပ်စာတမ်းများ စိစစ်နိုင်ရန် ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနက **ဖက်စပ်စာချုပ်နှင့် မြေငှားရမ်းခြင်းစာချုပ် စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် (Guideline on Scrutinizing Joint Venture Agreement and Land Lease Agreement) စာအုပ်**ကို ပြုစုထုတ်ဝေ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ခုခံတွင်းအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်း များကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၌ထားရှိသော ဆေးတစ်လုံးလျှင် လူနှစ်ဦးထိုးနိုင်သော Sinovac ဆေးများနှင့် ဆေးတစ်လုံးလျှင်လူငါးဦးထိုးနိုင်သော Sinopharm ကာကွယ်ဆေးများကို နေပြည်တော်ကောင်စီနယ်မြေသို့ Sinovac ဆေး ၃၁၅၅၂ လုံးနှင့် ဆေးထိုးအပ်များ၊ မော်လမြိုင်မြို့သို့ Sinovac ဆေး ၂၈၀၃၉ လုံးနှင့် Sinopharm ဆေးအလုံး ၂၀၀၀၀၊ ကရင်ပြည်နယ်သို့ Sinovac ဆေး ၁၅၀၁၈ လုံးနှင့် Sinopharm ဆေးအလုံး ၁၀၀၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ Sinovac ဆေး ၄၂၂၂ လုံးနှင့် Sinopharm ဆေး ၂၃၁၃ လုံးတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်(၅၅)နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့၌ ဒေသခံပြည်သူ ၈၅၀၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၀၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၇၆၃၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ထားဝယ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၄၇၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၂၄၂၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၅၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဒေသခံပြည်သူ ၁၂၀၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၁၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၁၄၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဆောင်ရွက်ပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့၌ ကျောင်းသားကျောင်းသူ ၃၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၁၇ ဦး၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ယနေ့ညနေ ၅ ခွဲနာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နိုဝင်ဘာ ၁၅ ရက်၌ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ရေသောက်မြစ်

**ဆရာမဲဇာ**

ကွမ်းယာစွဲနေလျှင် ဖြတ်ပါ။

ဆေးလိပ်၊ စီးကရက်စွဲသောက်နေလျှင်ဖြတ်ပါ။

အရက်စွဲနေလျှင် ဖြတ်ပါ။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစွဲနေလျှင် ဖြတ်ပါ။

မည်သည့်အကြောင်းကြောင့် ဖြတ်သင့်ပါသလဲ။

ကျန်းမာရေးထိခိုက်ကာ အသက်တိုမည်စိုး၍ ဖြတ်သင့်ပါသည်။

လူ့အဖွဲ့အစည်းနှင့် တသီးတခြားစီဖြစ်မည်စိုး၍ ဖြတ်သင့်ပါသည်။

လူဆိုးလူမိုက်များ၏ အသုံးချခံဖြစ်သွားမည်စိုး၍ ဖြတ်သင့်ပါသည်။

မိမိကိုယ်တိုင်လည်း အမှန်အမှားမခွဲခြားနိုင်ဘဲ လူညွန့်တုံးမည်စိုး၍ ဖြတ်သင့်ပါသည်။

ကျွန်တော်တို့ ကျန်းမာရေးအသိပညာဖြန့်ဖြူးကြရသူများအတွက် တိကျသည့်အဖြေကို ဖော်ထုတ်ရန်အတွက် မည်သည့်အရာကို ဖြတ်မှာလဲ (What) နှင့် တစ်တွဲတည်းစဉ်းစားပေးရမည့်အချက်မှာ မည်သည့်အကြောင်းကြောင့် (Why) ဟူသောအချက်ပင်ဖြစ်ပါသည်။

ကွမ်းစွဲပုံနှင့် အရက်စွဲပုံမတူ။

ဆေးလိပ်စွဲပုံနှင့် စိတ်ကြွဆေးစွဲပုံမတူ။

သို့ဖြစ်၍ ကွမ်း၊ ဆေးလိပ်၊ အရက်၊ စိတ်ကြွဆေးစသည်တို့ကိုဖြတ်ရန် တူညီသောဆေးနည်းမရှိပါ။ ဆေးစွဲ၊ အရက်စွဲ၊ ကွမ်းစွဲသူအတော်များများကမူ တစ်ခုနှင့်တစ်ခု အစားထိုး၍ဖြတ်ဖို့ ကြိုးစားကြရပါသည်။

အရက်သောက်တတ်သူကလည်း အရက်နံ့မထွက်စေရန် ကွမ်းမြုံ့၍နေတတ်၏။ ကွမ်းစွဲနေသူကလည်း သကြားလုံးငုံ၍ ကွမ်းအစားထိုးဖြတ်ကြည့်ကြ၏။ အချိုမှုန့်စွဲသူလည်း ဟင်းထဲတွင် သကြားခပ်၍ ဖြတ်ကြ၏။ ဆေးလိပ်စွဲသူကလည်း ဆေးလိပ်မှအဓိကရသည့် နီကိုတင်းဆေးဆီကို ပလပ်စတာလိုလုပ်၍ ဖြတ်ကြ၏။

"ဖြတ်သော်လည်း မပြတ်ပါ" ဟု ဆိုလာသူများအတွက်မူ နဂိုကတည်းက "ဘာကြောင့် ဖြတ်ရသည်" (Why?) ဟူသောအမေးအတွက် အဖြေမရှင်း၊ အဖြေမပြတ်သားသည့်အတွက် ပြတ်သားစွာဖြတ်ရန်ခက်နေတော့၏။

**ဈေးကွက်ကြီးတစ်ခုရှိလာ**

ဆေးရွက်ကြီးထွက်ပစ္စည်းများ စွဲလမ်းစွာသုံးဆောင်နေမှု၊ အရက်နှင့် မူးယစ်ဆေးဝါးများ သုံးစွဲနေမှုအားလုံးမှာ တစ်ကမ္ဘာလုံးတွင် ကြုံတွေ့နေရသောပြဿနာဖြစ်ပါသည်။ ဘိန်းဖြူ ဆေးခြောက်စသည်တို့မှာမူ အာရှတိုက်၏ ထွက်ကုန်ကဲ့သို့ဖြစ်နေ၍ အရှေ့တိုင်းသားတို့၏အရည်အသွေးကို နိမ့်ကျအောင်ပြုလုပ်ပြီး ဘိန်းစစ်ပွဲဆင်နွှဲခဲ့သည့် သာဓကများရှိခဲ့၏။ နောင်အခါတွင်မူ လက်နက်ဝယ်ဖို့ငွေရရန်အတွက် ထုတ်လုပ်ရောင်းဝယ်ခဲ့သော မူးယစ်ဆေးဝါးများမှာ ရွှေတြိဂံဒေသသို့ပင် ရောက်ရှိလာခဲ့လေသည်။ ထို့ထက် ပို၍လွယ်ကူသောထုတ်ကုန်အဖြစ် ကုန်ကြမ်းအလွယ်တကူရကာ ဆေးပြားရိုက်စက်ကောင်းများရှိရုံနှင့် စိတ်ကြွဆေးများထုတ်လုပ်ပြီး အရေအတွက်သန်းပေါင်းများစွာ ထုတ်ကုန်အဖြစ် ထွက်ရှိနေသော ဈေးကွက်ကြီးတစ်ခုရှိလာသဖြင့် လူငယ်တို့အတွက် ဈေးပေါပေါနှင့် အလွယ်တကူရနိုင်သော မူးယစ်ဆေးဝါးများဖြစ်လာလေသည်။

**အသုံးချင်းကွာ**

"ယာဘ" ခေါ် မြင်းဆေးများ၏အသုံး၊ "ခေါင်းခါဆေး"ခေါ် ဆေးများ၏အသုံးကအစ ဓာတုဆေးဝါးများ၏အာနိသင်များအလိုက် အသုံးချနေကြသူများရှိသလို "ခိုင်နီး" ခေါ် "ငုံဆေး" မှစကာ ဆေးစပ်ကွမ်းယာများအဆုံး အသုံးချင်းကွာပေသည်။ အဝတ်လျှော်သောသူများမှာ အလုပ်မပျက် ခိုင်နီးငုံဆေးငုံပြီး အလုပ်လုပ်ရင်းနှင့် လျှာများ၊ ပါးများ ပေါက်ကုန်သည်အထိကိုဖြစ်ပါ၏။ ကွမ်းကလေးတမြုံ့မြုံ့စားရုံနှင့် ပါးပေါက်ထွက်ကာ လျှာ၊ ခံတွင်းနှင့် မေးရိုးကင်ဆာများဖြစ်လာကြသည်ကိုလည်း ချောက်ချားစွာတွေ့ကြရ၏။

အနောက်တိုင်းတွင်မူ စီးကရက်ကြောင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်နိုင်ကြောင်း သိပ္ပံနည်းကျအခိုင်အလုံတွေ့လာသဖြင့် ဆေးလိပ်တိုက်ဖျက်ရေးအတွက် ကမ္ဘာအနှံ့ ကြိုးစားလာကြခြင်းဖြစ်ပါသည်။

စီးကရက်ဆေးစပ်ရာတွင်ပင် တမင်စွဲလမ်းအောင်လုပ်ထားပါသည်ဟု သက်သေပြနိုင်ကြသော်လည်း မဟုတ်ကြောင်းငြင်းဆိုနေသော ဆေးလိပ်ကုမ္ပဏီများလည်း ရှိနေဆဲဖြစ်ပါသည်။

လူငယ်တို့ အားကျအတုခိုးမော်ဒယ်များ၏ အပြုအမူသည် လူငယ်ထုကို လွှမ်းမိုးခဲ့ပါသည်။ မာလ်ဘိုရို (Marlboro) စီးကရက်ကြော်ငြာရာတွင် အမေရိကန်နွားကျောင်းသား (Cowboy) စတိုင်နှင့် စီးကရက်သောက်ပြသူမှာ (Marlboro Man) အဖြစ် ကမ္ဘာကျော်ဖြစ်သွားခဲ့၏။ ကံအားလျော်စွာ သူနှင့်ကျွန်တော်တွေ့ဆုံအင်တာဗျူးခွင့်ရ၏။ ထိုအချိန်တွင် သူ့ခမျာအဆုတ်ကင်ဆာရောဂါကြောင့် အဆုတ်တစ်ခြမ်းထုတ်ပစ်ခံခဲ့ရပြီးဖြစ်ပါသည်။

"ကျွန်တော်မသေခင် လူငယ်တွေကို ကိုယ်တိုင်မြင်စေချင်လို့ လာခဲ့တာပါ။ စီးကရက်သောက်လို့ကျွန်တော်ကင်ဆာဖြစ်ပြီး သေရတော့မယ်။ ကျွန်တော့်လို ကင်ဆာဖြစ်ပြီးသေဖို့ တစ်ကမ္ဘာလုံးက လူငယ်လူကြီးအများအပြားကို ဆွဲဆောင်ခဲ့တဲ့အပြစ်က ကြီးမားလှပါတယ်"

ဤသို့ "မာလ်ဘိုရိုမင်းသား"က ကျွန်တော့်အားဖွင့်ဟဝန်ခံခဲ့ပါသည်။ သူမည်မျှပညာပေးပေး ဆေးလိပ်စီးကရက်သောက်သူများက ရပ်မသွားပါ။ ဥပဒေများ ဘယ်လောက်ထုတ်ထုတ် ဆေးလိပ်သောက်သူများက တိုး၍တိုး၍လာပါသည်။ ပိုဆိုးသည်က အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဆေးလိပ်သောက်နှုန်း ပို၍ပို၍တိုးလာခြင်းပင်ဖြစ်ပါသည်။ မြန်မာပြည်တွင်လည်း ထူးခြားစွာ အရက်၊ စီးကရက်၊ ကွမ်းယာ သုံးစွဲလာသောအမျိုးသမီးများ အရှိန်အဟုန်ဖြင့် တိုးပွားလာနေခြင်းကို တွေ့နိုင်ပါသည်။

နဂိုကတည်းကမှ အာဟာရချို့တဲ့ခြင်း၊ အသိပညာမရှိသဖြင့် မျှတသောအာဟာရကို မရွေးချယ်တတ်ခြင်း၊ အိမ်တွင်းမှုအတတ်ပညာများ ခေါင်းပါးလာသဖြင့် အစားအစာများကို ကျန်းမာရေးနှင့်ညီစွာ ချက်ပြုတ်စားသောက်မှု မပြုတတ်တော့ခြင်း၊ ဈေးကွက်ထဲမှာ အစာတုအစာယောင်၊ အစာလိမ်များပေါများလာခြင်း စသောအကြောင်းရင်းများကြောင့် ငွေကုန်သလောက် အာဟာရမသုံးဆောင်ရတော့ခြင်းများရှိနေလျက်က ကွမ်းယာ၊ စီးကရက် အစရှိသည့် စွဲလမ်းစရာများကို သုံးဆောင်ရင်း မွေးလာမည့် မျိုးဆက်သစ်များ၏ ကိုယ်ရောစိတ်ပါကျန်းမာမှုကို မျှော်လင့်ရန် ခက်ခဲလျက်ရှိပါတော့သည်။

**စီးကရက်၊ အရက်များကို တွင်ကျယ်စွာကြော်ငြာ**

မာလ်ဘိုရို စီးကရက်မင်းသားတို့ခေတ်က ပိုစတာ၊ ရုပ်ရှင်ကြော်ငြာများသာရှိပါ၏။ နောက်ပိုင်းတွင် ရုပ်မြင်သံကြားကြော်ငြာအမျိုးမျိုးဖြင့် စီးကရက်၊ အရက်များကို တွင်ကျယ်စွာကြော်ငြာခဲ့ကြပါသည်။ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် မမြင်ချင်အဆုံး ကြော်ငြာအမျိုးမျိုးထွက်သည်။ မြန်မာပြည်တွင် မည်သည့်နေရာမှ ရှာမတွေ့ရသော စီးကရက်တစ်မျိုးကိုပင် ရုပ်/သံထဲတွင် ကြော်ငြာနေသည်ကို တွေ့ရဖူး၏။

ကျွန်တော်တို့မှာ ဌာနလုပ်ငန်းအနေဖြင့် လူတို့စွဲလမ်းနေသည့် ဆေးလိပ်၊ စီးကရက်များအကြောင်းကို ဈေးကွက်ထဲတွင် လေ့လာ၍မှတ်တမ်းတင်ထားရပါသည်။ "ကွမ်းဓလေ့" ဟု ခေါ်ဝေါ်ခဲ့ဖူးသော ဓလေ့ထုံးစံများ၊ ပြောင်းဖူးဖက်လိပ်မှသည် မြန်မာဆေးပေါ့လိပ်လုပ်ပုံများကို လေ့လာရ၏။ ဆေးပြင်းလိပ်များ၏ ပြည်တွင်းပြည်ပဈေးကွက်များကိုလည်း လေ့လာရ၏။ နာမည်ကြီးအရက်များမှသည် ချက်အရက် ချက်ပုံချက်နည်းအထိ လေ့လာရ၏။ မလေ့လာရဲသည်မှာ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးတို့၏ ကွင်းဆက် (Supply Chain) ပင်ဖြစ်ပါသည်။ သွယ်ဝိုက်သောနည်းဖြင့် ဆေးစွဲနေသောသူများမှတစ်ဆင့် မှတ်သားနာယူရသည်။ ဤသို့ဖြင့် မည်သည့်အရာများကို စွဲလမ်းနေပါသနည်း (What?) သုံး၍ အဖြေကိုရ၏။

(Why?) ဘာကြောင့်စွဲလမ်းရသည်ဆိုသောအချက်ကို စူးစိုက်ရှာဖွေနိုင်သည်နှင့်အမျှ ဖြေရှင်းနည်း (How?) ကို ကြံဆနိုင်ဖို့နီးစပ်၏။ သို့သော် ပညာတတ်အများစုနှင့် ပညာသင်အများစုမှာ "ဘာတွေဖြစ်နေသလဲ"၊ "ဘာကြောင့်လဲ" ဆိုသည့် အမေးကို ဖြေနိုင်ရုံလေ့လာပြီး ကျေနပ်သွားကြလေသည်။ ကျွန်တော်၏တပည့်များကိုလည်း ဘွဲ့ယူရန် စာတမ်းပြုစုသောအခါ အဖြေရလွယ်သော သုတေသနစာတမ်းများပြုစုရန် အားသန်ကြလေသည်။ ဗဟုသုတ (Knowledge) မည်မျှရှိသလဲ။ သဘောထားခံယူချက် (Attitude) တွေကို ဘယ်လိုဖော်ထုတ်မလဲ၊ လက်တွေ့ဆောင်ရွက်မှု (Practice) တွေ လေ့လာမှတ်တမ်းပြုစုခြင်း (K.A.P) နေရာတွင် ရပ်တန့်၍သွားတော့သည်။

**ရေသောက်မြစ်ကိုဖြတ်မှ**

လူ့ဘဝတွင် အရေးကြီးဆုံးအချက်က ကြုံတွေ့လာရသောပြဿနာပေါင်း သောင်းခြောက်ထောင်ကို မည်သို့ပြေလည်အောင်ဖြေရှင်းမည်နည်း ဆိုသည့် "ပညာ" ဖြစ်နေသည်။ Problem Solving Approach ခေါ် ပြဿနာဖြေရှင်းရန် ချဉ်းကပ်ဆောင်ရွက်မှုပင်ဖြစ်ပါသည်။ ဥပမာအနေဖြင့် ပြဿနာသစ်ပင် (Problem Tree) အဖြစ် အသွင်ဆောင်လျှင် အပွင့်အရွက်၊ ကိုင်းဖျားကိုင်းနားရှိ ပြဿနာများကို ဖြတ်တောက်ခြင်း၊ ပင်စည်ကို ခုတ်လှဲခြင်းများဖြင့် မဖြေရှင်းနိုင်။ ပြဿနာအရင်းအမြစ် (Root Cause) ကို ရှာဖွေဖြတ်တောက်မှသာ ရှင်းနိုင်ပါမည်။ မူးယစ်ဆေးဝါးကစ၍ ကွမ်းယာအဆုံး အမြစ်ကိုမနုတ်နိုင်လျှင် သံသရာလည်နေမည်ဖြစ်ပါသည်။ မြစ်သိမ်မြစ်မွှာမဟုတ် ရေသောက်မြစ်ကိုဖြတ်မှ။

ဗုဒ္ဓမြတ်စွာဘုရားကမူ ပြဿနာ၏ရင်းမြစ်တရားခံသည် "တဏှာ" ဟု ထင်ရှားစွာ ရှာဖွေထုတ်ဖော်ဖြတ်တောက်ကာ သံသရာမှ လွတ်မြောက်သွားခဲ့ပါ၏။ ပါဠိဘာသာဖြင့် တဏှာကို အင်္ဂလိပ်လို Desire၊ Lust၊ Excessive Craving စသည်ဖြင့် အဓိပ္ပာယ်ပြန်ပါသည်။ "အငမ်းမရဖြစ်လောက်အောင် မက်မောတောင့်တသည်" ဆိုသောအရာများမှာ ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ စိတ်ကြွဆေးမှစ၍ ဘဝကိုတွယ်တာသော "ဘဝတဏှာ" အထိ မဖြတ်နိုင်သူချင်းအတူတူ ပြောရခက်၊ ပညာပေးရခက်ပါသည်။

"စွဲလမ်းမှုမှန်သမျှ ဖြတ်တောက်ပါ" ဟူသော စကားသည် သစ္စာစကား၊ အမှန်တရားပင်ဖြစ်ပါသည်။ ကျွန်တော်တို့စဉ်းစားနေချိန်တွင် မမှန်စကားများကို တွင်ကျယ်စွာဖြန့်ဖြူးသူများက ချမ်းသာသွား၏။ ကိုဗစ်-၁၉ ကပ်ရောဂါ စဖြစ်သည်ဆိုကတည်းက မမှန်စကားကူးစက်ရောဂါ (Infodemic) က ပို၍ကူးစက်ပျံ့နှံ့၏။ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထုတ်လာသောအခါ ဆေးမထိုးကြဖို့၊ ဆေးများကို မယုံကြဖို့ Anti-Vaxx Industry ခေါ် ကောလာဟလသတင်းမှားဖြန့်ချိကြသူတို့က ပို၍ခရီးရောက်ရုံမက ကျွန်တော်တို့ လုံးဝမထင်ထားသောစီးပွားကြီးများ ဖြစ်ထွန်းနေလေသည်။

သူတို့၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၄ ဒသမ ၅ ထရီလီယံဒေါ်လာရှိပါ၏။ နှစ်စဉ်အကျိုးအမြတ် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့် ရရှိနေကြလေပြီ။ ခက်၏။ ။

**လူ့ဘဝတွင် အရေးကြီးဆုံးအချက်က ကြုံတွေ့လာရသောပြဿနာပေါင်း သောင်းခြောက်ထောင်ကို မည်သို့ပြေလည်အောင်ဖြေရှင်းမည်နည်းဆိုသည့် "ပညာ" ဖြစ်နေသည်။** Problem Solving Approach **ခေါ် ပြဿနာဖြေရှင်းရန် ချဉ်းကပ်ဆောင်ရွက်မှုပင်ဖြစ်ပါသည်။ ဥပမာအနေဖြင့် ပြဿနာသစ်ပင်** (Problem Tree) **အဖြစ် အသွင်ဆောင်လျှင် အပွင့်အရွက်၊ ကိုင်းဖျားကိုင်းနားရှိ ပြဿနာများကို ဖြတ်တောက်ခြင်း၊ ပင်စည်ကို ခုတ်လှဲခြင်းများဖြင့် မဖြေရှင်းနိုင်။ ပြဿနာအရင်းအမြစ်** (Root Cause) **ကို ရှာဖွေဖြတ်တောက်မှသာ ရှင်းနိုင်ပါမည်။ မူးယစ်ဆေးဝါးကစ၍ ကွမ်းယာအဆုံး အမြစ်ကို မနုတ်နိုင်လျှင် သံသရာလည်နေမည်ဖြစ်ပါသည်။ မြစ်သိမ်မြစ်မွှာမဟုတ် ရေသောက်မြစ်ကိုဖြတ်မှ**

# တောင်ကိုရီးယားနိုင်ငံ၌ အငှားလေယာဉ်ငယ် ဝန်ဆောင်မှုကို ၂၀၂၅ ခုနှစ်တွင် စတင်မည်



**ဆိုးလ် နိုဝင်ဘာ ၁၃**

တောင်ကိုရီးယားနိုင်ငံသည် နှစ်ယောက်စီးအငှားလေယာဉ်တစ်စင်းကို ဆိုးလ်မြို့တော်ရှိ ဂျမ်ပိုနိုင်ငံတကာလေဆိပ်၌ ယမန်နေ့တွင် စမ်းသပ်ပျံသန်းခဲ့သည်။

အဆိုပါအငှားလေယာဉ်ဝန်ဆောင်မှုကို ၂၀၂၅ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး ယင်းစီမံချက် အထမြောက်အောင်မြင်စေရန် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါစမ်းသပ်ပျံသန်းမှုတွင် ပြသသည့် အငှားလေယာဉ်သည် ဂျာမနီနိုင်ငံထုတ်ဖြစ်ပြီး မောင်းသူမဲ့လေယာဉ်နည်းပညာကို အခြေခံကာ ဖန်တီးပြုလုပ်ထားသည်။ ယင်းလေယာဉ်ငယ်သည် အမြင့်ပေမီတာ ၅၀ အထိ ရောက်ရှိခဲ့ပြီး သုံးကီလိုမီတာ အကွာအဝေးရှည်လျားသည့် သတ်မှတ်ထားသောလမ်းကြောင်းတွင် သုံးမိနစ်ခန့် ပျံသန်းသွားလာခဲ့သည်။

အငှားလေယာဉ်ငယ်ပျံသန်းမှုကို လေဆိပ်တစ်ခု၌ စမ်းသပ်ပြသမှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်းနှင့် နောက်ထပ်စမ်းသပ်မှုများကို ဆိုးလ်မြို့တော်အနီးရှိ အင်ချွန်နိုင်ငံတကာလေဆိပ်အနီးတွင် ထပ်မံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါစမ်းသပ်ပျံသန်းမှုများသည် အငှားလေယာဉ်ငယ်များနှင့် လေယာဉ်ကြီးများအကြား တိုက်မိခြင်းမှကာကွယ်ရန် လေကြောင်းစီမံခန့်ခွဲမှုစနစ်တစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။

အငှားလေယာဉ်ငယ်များ အသုံးပြုမှုဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရန် တောင်ကိုရီးယားအစိုးရက စီစဉ်လျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ထို့ပြင် အငှားလေယာဉ်ငယ်များကို ပြည်သူများ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရန် ပျံသန်းပြေးဆွဲမှုဆိုင်ရာ စမ်းသပ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ၄၀ နီးပါးသေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ တောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ၄၀ နီးပါး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေကြီး ရေလျှံမှုများကြောင့် အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်၌ ၁၄ ဦး သေဆုံးခဲ့ပြီး လမ်းမကြီးများနှင့် လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့ရသည်။

တမီလ်နာဒူးပြည်နယ်ရှိ ချန်နိုင်းမြို့သည် ရေကြီးရေလျှံမှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။ အဆိုပါဒေသရှိဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားရပြီး စာသင်ကျောင်းများ၊ မီးရထားနှင့် လေကြောင်းခရီးစဉ်တို့ကို ပိတ်ပင်ထားကြောင်း သိရသည်။

### ၂၅ ဦးသေဆုံး

အလားတူ သီရိလင်္ကာနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ၂၅ ဦးသေဆုံးပြီး မြေပြိုမှုများ ဖြစ်ပွားမှုကြောင့် ငါးဦးထိခိုက် ဒဏ်ရာရရှိကာ ဒေသခံပြည်သူနှစ်သိန်းကျော်သည် အဆိုပါဘေးဒုက္ခများကိုခံစားနေရကြောင်း သိရသည်။

ယခုနှစ်အတွင်း မိုးရွာသွန်းမှုသည် ပုံမှန်မဟုတ်ဘဲ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းဖြစ်ကြောင်းနှင့် နောင်လာမည့် အနာဂတ်ကာလများတွင်လည်း ရာသီဥတုဖောက်ပြန်မှုများ ရှိလာနိုင်ကြောင်း ရာသီဥတုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၆၃၇ ဦးရှိလာ

**အန်ကာရာ နိုဝင်ဘာ ၁၃**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၆၃၇ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၈၃၆၃၉၅၉ ဦး ရှိလာကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၇ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၇၃၁၂၇ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်- ၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၀၅၈၄ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၅၅ ဒသမ ၇၉ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၉ ဒသမ ၅၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ စုစုပေါင်း ၁၁၈ ဒသမ ၂၁ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ကိုးသန်းကျော်ရှိလာ

**မော်စကို နိုဝင်ဘာ ၁၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၂၅၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၉၀၃၁၈၅၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၄၁ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူပေါင်း ၂၅၄၁၆၇ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၃၈၀၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၇၅၄၇၆၄ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၈၅ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၈၉၁၄၂၈ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ မီဒီယာများ၏ ဖော်ပြချက်အရ လူဦးရေ သန်း ၆၀ ကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၅၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိုင်ဗရီကိုစ့်နှင့်ယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ပရိသတ်နှစ်သောင်းခွဲအထိ ကင်မရွန်းနိုင်ငံ ဝင်ရောက်ကြည့်ရှုခွင့်ပြုမည်

**ယောင်းဒီ နိုဝင်ဘာ ၁၃**

ကင်မရွန်းနိုင်ငံသည် အိုင်ဗရီကိုစ့်နိုင်ငံ လက်ရွေးစင်အသင်းနှင့် ကင်မရွန်းနိုင်ငံလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ပရိသတ် နှစ်သောင်းခွဲအထိ အားကစားကွင်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုခွင့်ပြုမည်ဖြစ်ကြောင်း ကင်မရွန်းနိုင်ငံ ကျန်းမာရေးဝန်ကြီး မာလာချီက ပြောကြားသည်။

ကင်မရွန်းနိုင်ငံ လက်ရွေးစင်အသင်းနှင့် အိုင်ဗရီကိုစ့်နိုင်ငံ လက်ရွေးစင်အသင်းတို့ပွဲစဉ်ကို ကင်မရွန်းနိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် ဒိုအူလာမြို့ရှိပရိသတ်ငါးသောင်းဆံ့ဂျာပိုမာအားကစားကွင်း၌ နိုဝင်ဘာ ၁၆ ရက်ညပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကင်မရွန်းနိုင်ငံလက်ရွေးစင်အသင်းနှင့် အိုင်ဗရီကိုစ့်နိုင်ငံ လက်ရွေးစင်အသင်းတို့ပွဲစဉ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမရှိကြောင်း အထောက်အထားပြသနိုင်သည့်ပရိသတ်များကိုသာ ကွင်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုခွင့်ပြုသွားမည်ဖြစ်ကြောင်းလည်း ကင်မရွန်းနိုင်ငံ ကျန်းမာရေးဝန်ကြီး မာလာချီက ပြောကြားသည်။

ကင်းမရွန်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီး နောက်ပိုင်း ပြိုင်ပွဲများကို တံခါးပိတ်အနေအထားဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်လမှစတင်ကာ ပရိသတ်ဝင်ရောက်ကြည့်ရှုခွင့်ကို အကန့်အသတ်ဖြင့် ပြန်လည်လက်ခံခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**





# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၉၉ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ နိုဝင်ဘာ ၁၃**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၉၉ ဦးထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် ၁၄ ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၃၀၉၃ ဦးသည် ဒေသတွင်း ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါသေဆုံးသူများသည် အသက် ၃၅ နှစ်မှ ၁၀၂ နှစ်ကြားအရွယ်များဖြစ်သည်။ ယင်းတို့အနက် ကာကွယ်ဆေးထိုးနှံမှုခံယူထားခြင်းမရှိသူ တစ်ဦးသာရှိပြီး ကျန်သေဆုံးသူများသည် နာတာရှည်ရောဂါခံစားနေရသူများဖြစ်သည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၃၃၁၇၆ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၆၂ ဦးရှိပြီဖြစ်သည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄ ဒသမ ၄ သန်းကျော်ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၈၅၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၄၂၆၀၃၆ ဦးအထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၅၅၅ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၆၃၂၄၅ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၃၆၃၀၈ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၁၂၄၀၃ ဦး ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၃၃၈၂၆၄၈၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အာဖရိကနိုင်ငံများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၅၇ သန်းခန့် ဝယ်ယူပြီးဖြစ်

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၃**

အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၅၃ နိုင်ငံခန့်သည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ၃၅၇ ဒသမ ၉ သန်းခန့်ဝယ်ယူထားပြီးဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယမန်နေ့တွင် ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၅၅ နိုင်ငံအား ကိုယ်စားပြုသည့် အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်ရှိ လူဦးရေစုစုပေါင်း၏ ၆ ဒသမ ၀၆ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၀၄ ဒသမ ၃ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။




မော်ရိုကိုနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ အယ်လ်ဂျီးရီးယားနိုင်ငံနှင့် တူနီးရှားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများအပြားဝယ်ယူထားပြီးဖြစ်ကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ ယမန်နေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၅၄၉၆၇၂ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၂၀၃၇၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၇၉၆၆၅၅၂ ဦး ရှိကြောင်း သိရသည်။

**ကိုးကား -ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ၌ ကလေးငယ် ၈၄ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**ပေကျင်း နိုဝင်ဘာ ၁၃**

တရုတ်နိုင်ငံတစ်ဝန်း၌ အသက် သုံးနှစ်မှ ၁၁ နှစ်အကြား ကလေးငယ် ၈၄ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ယင်းအရေအတွက်အနက် ၄၉ ဒသမ ၄ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း တရုတ်နိုင်ငံ ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် အဆိုပါ အသက် သုံးနှစ်မှ ၁၁ နှစ်အကြား ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားရန် စီစဉ်လျက်ရှိကြောင်းလည်း တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်မှ တာဝန်ရှိသူ ဝူလျန်ယုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် အသက် သုံးနှစ်မှ ၁၁ နှစ်အကြား ကလေးငယ်အားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးဆောင်ရွက်ပေးနိုင်ဖွယ်ရှိကြောင်းလည်း ၄င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထောက်ပံ့မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာပြောကြား

**ဗန်ကောက် နိုဝင်ဘာ ၁၃**

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထောက်ပံ့နေမှုအပေါ် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယနေ့တွင် ထုတ်ဖော်ပြောကြားသည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ယနေ့မနက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံထောက်ပံ့ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သုတေသနပြုမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့တွင် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးနှင့် ဒေသတွင်းကိစ္စရပ်များအပါအဝင် နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ဆန္ဒရှိပါကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံကလည်း ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေး၊ စီးပွားရေးပြန်လည်ဦးမော့လာစေရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းရေးရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးတို့တွင် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်းလည်း ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ဟန်ရှီကျန်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ဝ၂ သန်းကျော်ရှိလာ

**တီဟီရန် နိုဝင်ဘာ ၁၃**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၃၂၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၆၀၂၇၂၆၉ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**သေဆုံးသူပေါင်း ၁၂၇၉၁၈ ဦးရှိ**

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၉ ဦးရှိခြင်းကြောင့် လက်ရှိတွင် သေဆုံးသူပေါင်း ၁၂၇၉၁၈ ဦးရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၅၆၇၀၆၅၆ ဦးရှိလာကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူပေါင်း ၃၅၄၆ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၅၅၁၁၁၂၈ ဦးရှိပြီး ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၃၉၈၈၈၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၁၇ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၁၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၅၃၅၃၃၈ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၆ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၆၅၀၁ ဦးသည် ပြည်တွင်း၌ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၅၇၆ ဦး ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ၆၀၂၆ ဦး ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၄၄၁၄၈၅ ဦး ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၄၂၇၇ ဦးရှိပြီး ၅၄၃ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၂၆၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၈ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၅ ဒသမ ၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



**ကမ္ဘာတစ်ဝန်း**
**ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၅၃၄၀၁၁၉၈ ဦး |
| သေဆုံးသူ | ၅၁၀၈၀၉၆ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၉၁၈၅၄၉၀ ဦး |

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၉၈၂ ဦး ထပ်မံတွေ့ရှိ

**ဟန်နွိုင်း နိုဝင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၉၈၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၁၈၃၄၆ ဦးရှိပြီး သေဆုံးသူပေါင်း ၂၃၀၁၈ရှိကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၈၉၇၆ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏တောင်ဘက်ပိုင်းမှ အများဆုံး စစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၁၃၈၈ ဦး၊ ဒေါင်နန်ခရိုင်၌ ၈၁၃ ဦးနှင့် အန်ဂျန်ခရိုင်၌ ၆၆၁ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀၂၆၃ ဦး ရောဂါမှပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေကောင်းမွန်လာသူပေါင်း ၈၅၈၀၅၄ ဦး ရှိသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၉၇ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။

နိုင်ငံအတွင်း ရောဂါစတင်ကူးစက်သည့်အချိန် ဧပြီလနှောင်းပိုင်းမှစပြီး ပြည်တွင်းရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၄၈၇၉ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်-မိုးကုတ်သွား ကားလမ်း ညောင်ကုန်းကျေးရွာအနီးတွင် အောင်ကိုကိုမျိုး မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၁၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။



အောင်ကိုကိုမျိုး၊ ဆံသိုး၊ လင်းထက်အောင်နှင့် ရဲရင့်ထွန်းတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဆံသိုး၊ လင်းထက်အောင်၊ ရဲရင့်ထွန်းတို့ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ လေးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်း၏ Subsea Inspection Repair and Maintenance (IRM) Campaign အရ ၂၈ လက်မ ရေအောက်ပိုက်လိုင်းအား Free–Spans Rectifications of Zawtika Intra–Field Pipelines and Wellhead platforms Jackets Structure Inspection by Remotely Operated Vehicle(ROV) လုပ်ငန်းများနှင့် ဇောတိကပလက်ဖောင်းမှ ကံပေါက်ဒေသ(ဓမင်းဆိပ်ကမ်းခြေအထိ) ၂၈ လက်မ ရေအောက်ပိုက်လိုင်းအား Near Shore Inspection by Side Scan Sonar လုပ်ငန်းများအား Survey Vessel: MEO RESOLUTION (Call Sign: JZPL) ရေယာဉ်ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၂၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ဇောတိကစီမံကိန်း၏ ၂၈ လက်မ ရေအောက်ပိုက်လိုင်းအား Free–Spans Rectifications of Zawtika Intra–Field Pipelines and Wellhead platforms Jackets Structure Inspection by Remotely Operated Vehicle (ROV) လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| Point | Latitude | Longitude |
|---|---|---|
| A | 14° 28' 29.411"N | 95° 58' 34.642"E |
| B | 14° 11 24.78" N | 96° 13' 44.308"E |
| C | 13° 56' 44.891"N | 95° 49' 01.765"E |
| D | 14° 15' 01.498"N | 95° 44' 21.156"E |

၃။ ဇောတိကပလက်ဖောင်းမှ ကံပေါက်ဒေသ(ဓမင်းဆိပ်ကမ်းခြေအထိ) ၂၈ လက်မ ရေအောက်ပိုက်လိုင်းအား Near Shore Inspection by Side Scan Sonar လုပ်ငန်းများဆောင်ရွက်မည့် ပိုက်လိုင်းတစ်လျှောက် တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| Point | Latitude | Longitude |
|---|---|---|
| ZPQ Platform | 14° 11' 27.71"N | 96° 02' 47.03"E |
| Kanbauk (DaMinseik) | 14° 32' 43.089"N | 97° 55' 26.676"E |

၄။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်း၏ Subsea Inspection Repair and Maintenance (IRM) Campaign အရ ၂၈ လက်မ ရေအောက်ပိုက်လိုင်းအား Free Spans Rectifications of Zawtika Intra–Field Pipelines and Wellhead platforms Jackets Structure Inspection by Remotely Operated Vehicle (ROV) လုပ်ငန်းများနှင့် ဇောတိကပလက်ဖောင်းမှ ကံပေါက်ဒေသ (ဓမင်းဆိပ်ကမ်းခြေအထိ) ၂၈ လက်မ ရေအောက်ပိုက်လိုင်းအား Near Shore Inspection by Side Scan Sonar လုပ်ငန်းများအား Survey Vessel: MEO RESOLUTION ရေယာဉ်ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက်(Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

# မိုင်းဆတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရေးဆွဲနည်းသင်တန်းဖွင့်

**မိုင်းဆတ် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်း(AVIP)သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲနည်းများ၊ ကျေးရွာဆိုင်ရာ အချက်အလက်ကောက်ယူနည်းများ၊ ဇယား ၄၈ မျိုး ဖြည့်သွင်းနည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုစာအုပ်ရေးသားနည်းများအား မြို့နယ်စီမံကိန်းတာဝန်ခံများက စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ရာ ကျေးရွာ ခြောက်ရွာမှ ကော်မတီဝင် ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ခု မီနီဘတ်ဂျက်တွင် ဟားကွယ်ကျေးရွာ၊ ပန်ခိုက်ကျေးရွာ၊ မယ်မိုကျေးရွာ၊ တာစုကျေးရွာ၊ နောင်ဖာကျေးရွာနှင့် နောင်လျန်ကျေးရွာတို့အား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးထံမှ သိရသည်။

**ဖြိုးစုနိုင်(ကျေးလက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၁-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မြိုင်မြို့နယ်မှ မနောရမ္မာ ရွှေကျောင်းတော်ကြီးဆီသို့
- ၀၉:၂၀ တရုတ်ကာတွန်း 'ပိုးကောင်ကြီး ဉယျာဉ်စွန့်စားခန်း' (အပိုင်း–၄၀)
- ၀၉:၄၅ MRTV Travelogue
- ၁၀:၃၅ 'သီကျူးနှဲ့ပျော်တန်ဆောင်တိုင်ပွဲတော်' ပျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၃၀ အသိပညာနှင့်အမှန်တရား 'ရုရှားစစ်သင်္ဘောချစ်ကြည်ရေးခရီးစဉ်'
- ၁၂:၃၀ This Week's Special Interest
- ၁၃:၀၀ MRTV National News
- ၁၃:၃၀ မြန်မာဂန္ထဝင်ရုပ်ရှင် '**ငို၍ရီ၍မရသောမျက်နှာ**'
- ၁၆:၃၅ 'ကိုဗစ်ပိုးကိုတိုက်ထုတ်ဖို့...ကာကွယ်ဆေးထိုးကြစို့'
- ၁၇:၂၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာသိရိဂေဟာ
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ ရှိူ့ဝှက်ချက်**' (အပိုင်း–၃၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၂၀ ကြွေလည်းဝေဖြိုတမ်းတဆဲ 'မောင်ဟေမာနှင့်အလင်္ကာဝတ်ရည်' (အပိုင်း–၂)
- ၂၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း '**အရွယ်သုံးပါး**'

**သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- 07:01 News
- 07:26 Global Partnership for Brighter Future: Eswatini Pavilion at Expo 2020 Dubai
- 07:35 Bridge On The River Tapam
- 08:01 Lively Group Folk Dance of Kayan Nationals
- 08:05 A Journey To Southern Shan State (Ep-3)
- 08:21 Today Myanmar: Myeik-Kyunsu Passenger Ferry
- 08:30 Tazaungmone (Ep-2)
- 08:54 Tobacco Pipe Making Business (Ywar Lut Village)
- 09:01 Applied Myanmar Traditional Martial Art (Part-2)
- 09:32 SHWE SETTAW (Minbu)
- 09:51 Healthy Diet: Detox Water
- 10:01 Weekly Review
- 10:16 Myanmar Masterclass: Fantastic Art

**MRTV NRC**

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ငါးချဉ်ဟင်းရည်နှင့် ရိုးရာအထောင်း
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း–၃)
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကရင့်ရိုးရာစောင်းတူရိယာ
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ကြယ်ကလေးများအတွက်ပုံပြင်
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ဆီးချိုရောဂါအတွက်စားပေးသင့်သောသစ်သီးများ
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ဆပ်ဝါကောက်သစ်ရိတ်သိမ်းခြင်း
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** ဆေးပက်ဝင်ဗေဒါပင်
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ကျောက်ရိုးတော်ဓာတ်စေတီ
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ဝိကျွတ်ပြီ (ဇာတ်လမ်း)
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း–၁၄)
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** အမြဲစိမ်းတောမှာအချစ်ရှာသူ (အပိုင်း–၄) (ဇာတ်လမ်း)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း–၇)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၇)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# တန်ဆောင်မုန်းလပြည့်ညနှင့် ဆေးဖက်ဝင်မဲဇလီပင်များအကြောင်း

**တင်ထက်ထက်ဇော်**

မဲဇလီဆိုသည်မှာ ရွက်ပေါင်းအရွက်ရှိ၍ အဝါရောင် အပွင့်များ အခိုင်လိုက်ဖူးပွင့်သည့် ပင်စောက်ကြီး တစ်မျိုး (အရွက်၊ အဖူး စသည်ကို ဟင်းလျာအဖြစ် စားသုံးပြီး အရသာခါး၍ ဆေးဖက်ဝင်သည်) ဟု မဲဇလီနှင့်ပတ်သက်၍ မြန်မာအဘိဓာန်မှာ ဖွင့်ဆို ထားပါတယ်။ ထူပါရုံစေတီကျောက်စာပေါ်မှာ ရေးထွင်းထားသော မှတ်တမ်းစာအရ ရှေးယခင်က မဲဇလီပင်ကို "မည်ဇရီပင်" ဟုခေါ်ရာမှ အသံထွက် အလိုက် မယ်ဇရီဖြစ်လာပါတယ်။ ထို့နောက် ကာလကြာတဲ့အခါ မယ်ဇရီမှ မယ်ဇလီ-မဲဇလီ ဟူ၍ အဆင့်ဆင့်အသံထွက်ပြောင်းပြီး ခေါ်ဝေါ်လာ ခဲ့ကြပါတယ်။ နေရာဒေသပေါ်မူတည်ပြီး တချို့က တော့ မဥ္ဇူရီပင်လို့ ခေါ်ကြသလို ကချင်လူမျိုးတို့က မယ်ဂျူရီပင်ဟုလည်းကောင်း၊ ရှမ်းလူမျိုးတို့က မယ်ပဥ္စလီဟုလည်းကောင်း၊ ကရင်လူမျိုးတို့က ပီတစ်ခါလဟုလည်းကောင်း ခေါ်ဆိုကြပါတယ်။ မဲဇလီဖူးဟာ နုတဲ့အချိန်မှာ အစိမ်းဖျော့ရောင်ဖြစ်ပြီး ရင့်လာတဲ့အခါ အညိုရောင်ပြောင်းသွားတတ်ပါ တယ်။

ကုန်းဘောင်ခေတ်ကတည်းက တန်ဆောင် မုန်းလပြည့်ညသို့ရောက်တိုင်း မဲဇလီဖူးခူးပြီး သုပ်စားကြတဲ့အစဉ်အလာတွေ ရှိခဲ့ကြပါတယ်။ တန်ဆောင်မုန်းဟူသောအရေးအသားကို လေ့လာ ကြည့်တဲ့အခါ ပုဂံခေတ်ကျောက်စာတွေမှာ "တန်ဆောင်မှုန်"ဟု ရေးထိုး၍ တန်ဆောင်မှုန်းဟု အသံထွက်ဆိုခဲ့ကြပါတယ်။ "မိုက်မှောင်လွှင့်ပြုန်း၊ တန်ဆောင်မုန်း၊ ဆောင်မှုန်းခေါ်တကား။ ဟထိုး ပျောက်ကာ၊ ပြောင်းရွှေ့လာ၊ မုန်းသာခုထင်ရှား" ဟူသောစပ်ဆိုထားခြင်းက တန်ဆောင်မုန်းရဲ့ ဖြစ်စဉ်ကို ပေါ်လွင်သိရှိနိုင်ပါတယ်။ "တန်ဆောင်" ဆိုသည်မှာ ဆီမီး၊ မီးရှူး၊ မီးတိုင်ဖြစ်၍ "မှုန်း" ဆိုသည်မှာ ထွန်းလင်းခြင်း၊ တောက်ပခြင်းဟူ၍ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့်လည်း မြန်မာ့ ၁၂ လရာသီမှာ တန်ဆောင်းမုန်းလဟာ အထွန်းလင်း၊ အတောက်ပဆုံးနဲ့ အသာယာဆုံးလတစ်လလို့ ဆိုနိုင်ပါတယ်။ မြန်မာ့သမိုင်းမှတ်တမ်းများအရ ဗိဿနိုးနတ်မင်းကြီးဟာ နှစ်စဉ်နှစ်တိုင်း ဝါဆို လဆန်း ၁၂ ရက်နေ့မှစ၍ အိပ်စက်လိုက်တာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှ နိုးထလာ သဖြင့် တန်ဆောင်မုန်းလကို "နတ်နိုးလ" ဟု ခေါ်ဆိုကြောင်း လေ့လာမှတ်သားရပါတယ်။









တန်ဆောင်မုန်းလပြည့်နေ့မှာ မြတ်စွာဘုရား ရှင်က ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းနဲ့ အပေါင်းပါတွေကို "သာမညဖလသုတ်" ဟောကြား တဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ တန်ဆောင်မုန်း လပြည့်ညမှာ ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး စတဲ့ မဲဇလီပင်စောင့် နတ်မင်းကြီးထံ လာရောက်ခစားကြ တယ်လို့ ဆိုပါတယ်။

ဒါကြောင့် အဲဒီအချိန်မှာ မဲဇလီကို ဆေးဖက် ဝင်အောင်စီရင်ခြင်းဟာ အချိန်အခါကောင်းတစ်ရပ် လို့ ဆိုနိုင်ပါတယ်။ ထိုသို့စီရင်ရာမှာလည်း လမင်းကြီး တိတိကျကျပြည့်ဝန်းနေချိန်မှာ အရှေ့ဘက်သို့ ထွက်နေတဲ့ မဲဇလီ အဖူး၊ အပွင့်၊ အရွက်၊ အမြစ်၊ အခေါက်၊ အသီးတို့ကို စုံလင်အောင် ဆွတ်ခူးတူးယူ၍ ထိုညမှာ အဖူး၊ အပွင့်၊ အရွက်တို့ကို စားသုံးရပါမယ်။ ကျန်တဲ့ အမြစ်၊ အခေါက်၊ အသီးတွေကိုတော့ နေရိပ် မှာ အခြောက်လှန်းအမှုန့်ပြု၍ နေ့စဉ် စားသုံးပေးသွား ရမှာပါ။ အဲဒီလိုစားသုံးရင် ရုပ်ရည်အဆင်းနုပျို၍ ငါးမျိုးကင်းစင်နေတာကြောင့် ထက်ကောင်းကင် တစ်ခွင်လုံးကြည်လင်ကာ နက္ခတ်တာရာတစ်စုံ ထွန်းလင်းနေပါတယ်။ မပီဝိုးဝါးသေးမွှားတဲ့ ကြတ္တိ ကာကြယ် (ခေါ်) ဖျောက်ဆိပ်ကြယ်စုလေးများလည်း လင်းလက်ခွင့်ရတဲ့ ညတစ်ညဖြစ်ပါတယ်။ မဇ္ဈိမဒေသ မှလာတဲ့ သာရကောမုဒီဆေးကျမ်းအရ တန်ဆောင် မုန်းလပြည့်ညသန်းခေါင်ယံလမင်းကြီး ဝိုင်းစက် ပြည့်ဝန်းနေစဉ် ကြတ္တိကာနက္ခတ်နဲ့ စန်းယှဉ်၍ ပုဏ္ဏာတိထီ (ဗေဒင်အခေါ် တိထီ ၁၅ လုံးအတွင်း) ဆေးပင်အပေါင်းကို စောင့်ရှောက်တဲ့နတ်တွေဟာ အရွယ်တင်ကာ အသက်ရှည်စေကြောင်း၊ ဘုန်းကြီး၍ ဉာဏ်ပညာထက်မြက်ကာ ကျက်သရေမင်္ဂလာအပေါင်း နဲ့ ပြည့်စုံစေကြောင်း ယုံကြည်ကြပါတယ်။ ဒါကြောင့် လည်း တန်ဆောင်းမုန်းလပြည့်နေ့ည ၁၂ နာရီတိတိ အချိန်ကို ဆေးပေါင်းခတဲ့ညရဲ့ အမြင့်ဆုံး၊ အစွမ်း ထက်ဆုံးအချိန်လို့သတ်မှတ်ပြီး တိုင်းရင်းဆေးဆရာ ကြီးတွေက ဆေးဝါးမျိုးစုံကို ဖော်စပ်လေ့ရှိကြပါတယ်။

## ၂၀၂၁ ခုနှစ်အတွက် ထူးခြားသော လပြည့်ည

ပညာရှင်တွေရဲ့ လေ့လာသုံးသပ်ချက်အရ ယခုနှစ် တန်ဆောင်မုန်းလပြည့်ညရဲ့ ဆေးပေါင်းခ ချိန်ဟာ ၈ နာရီ ၄၆ မိနစ် ၃၅ စက္ကန့် ဖြစ်တယ်လို့ ဆိုပါတယ်။ အလွန်ထူးခြားပြီး ရှားပါးတဲ့ (Super moon) လပြည့်လည်းဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်က တစ်ကြိမ်ဖြစ်ပေါ်ခဲ့ဖူးပြီး အနှစ် ၇၀ ကျော်ကြာပြီးမှ ယခုတစ်ကြိမ် ထပ်မံကြုံခွင့်ရှိတဲ့ Super Moon ဖြစ်ပါတယ်။ လဟာ ကမ္ဘာနဲ့ အနီးဆုံးအနေအထား မှာ ရှိနေတာဖြစ်တဲ့အတွက် အဆမတန်ကြီးမားတဲ့ လပြည့်ကြီးကို မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ အခု မမြင်လိုက်ရဘူးဆိုရင် နောင်လာမယ့် ၂၀၃၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ထပ်မြင်ရမှာဖြစ်ကြောင်း ပညာရှင်တွေက ပြောကြားထားပါတယ်။

## မဲဇလီနှင့်ကျန်းမာရေး

ရုက္ခဗေဒအမည်အရ Cassiasiamea Linn မျိုးရင်းဖြစ်ပါတယ်။ ၁၀၀ ဂရမ်အလေးချိန်ရှိတဲ့ မဲဇလီဖူးနဲ့ အရွက်တွေကို ဆေးသိပ္ပံနည်းအရ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ ကယ်လိုရီ ၁၀၀၊ ပရိုတင်း ၇ ဒသမ ၁ ဂရမ်၊ အဆီဓာတ် ၁ ဂရမ်၊ ကစီဓာတ် ၁၇ ဒသမ ၉ ဂရမ်၊ ထုံးဓာတ် ၄၄ ဒသမ ၁ မီလီဂရမ်၊ သံဓာတ် ၁၇ မီလီဂရမ်၊ ဗီတာမင် အေအိုင်ယူ ၁၄၅၀၀၊ ဗီတာမင်ဘီဝမ်း သုည ဒသမ ၄ မီလီဂရမ်၊ ဗီတာမင်ဘီတူး သုည ဒသမ ၆၉ မီလီဂရမ်၊ နိုင်ယာစင် ၁ ဒသမ ၃ မီလီဂရမ်၊ ဗီတာမင်စီ ၁၀၁ မီလီဂရမ် အသီးသီးပါရှိကြပါတယ်။ ဒ့ါအပြင် ဟင်းသီးဟင်းရွက်တွေမှာ ရှားရှားပါးပါးတွေ့ရခဲ့တဲ့ ဆေးဖက်ဝင် glycosides, terpenoids, tannins, saponins, flavonoids နဲ့ steroids တွေလည်း ပါရှိကြပါသေးတယ်။

- ☆ ချို၊ ဆိမ့်၊ ဖန် အရသာသုံးမျိုးရောပြွမ်းပြီး ခါးသက်သက်အရသာလွှမ်းမိုးသော မဲဇလီ ပင်မှာ အာပေါဓာတ်ကြီးစိုးပြီး ဝါယောဓာတ် ပူးတွဲပါရှိနေတာကြောင့် ရှေးတိုင်းရင်း သမားတော်ကြီးတွေက မြန်မာ့ရိုးရာ ဆေးမြီးတိုအဖြစ် အိပ်မပျော်ခြင်း၊ သွေးတက်ခြင်း၊ ရုပ်ရည်ခန်းခြောက်ခြင်း၊ အသက်ရှူပြွန်ချောင်းရောင်ခြင်း၊ ချောင်း ခြောက်ဆိုးခြင်း စတဲ့ရောဂါတွေအတွက် ကုသပေးခဲ့ကြပါတယ်။
- ☆ အိန္ဒိယနိုင်ငံမှာတော့ ကာလသားရောဂါ ရှန်ကာနာကို မဲဇလီရွက်နဲ့ ကုသလေ့ရှိပါ တယ်။
- ☆ သမ်းဝေပြီး အိပ်မပျော်ခြင်းအတွက် မဲဇလီ ဖူးကို သုပ်ပြီးစားပါက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေနိုင်ပါတယ်။
- ☆ ပါးစပ်အတွင်း အပူထွက်ခြင်း၊ သွားဖုံးရောင် ခြင်းတွေအတွက် မဲဇလီရွက်နဲ့ အပွင့်ကို ခပ်ကျကျပြုတ်ပြီး ငုံပေးပါက သက်သာ ပျောက်ကင်းနိုင်ပါတယ်။
- ☆ မျက်စိနာခြင်းအတွက် မဲဇလီမြစ်ကိုသွေးပြီး မျက်စိတစ်ဝိုက်ကွင်းပေးပါ။
- ☆ မဲဇလီဖူးထဲတွင်ပါရှိတဲ့ သဘာဝအဆီ ဓာတ်က ခန္ဓာကိုယ်ထဲရှိ မကောင်းတဲ့ဓာတ် တွေကို လောင်ကျွမ်းစေပါတယ်။


စာမျက်နှာ ၁၆ သို့ ✢

**ယခုနှစ် တန်ဆောင်မုန်းလပြည့်ညရဲ့ ဆေးပေါင်းခချိန်ဟာ ၈ နာရီ ၄၆ မိနစ် ၃၅ စက္ကန့် ဖြစ်တယ်လို့ ဆိုပါတယ်။ အလွန်ထူးခြားပြီး ရှားပါးတဲ့ (Super moon) လပြည့်လည်းဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်က တစ်ကြိမ်ဖြစ်ပေါ်ခဲ့ဖူးပြီး အနှစ် ၇၀ ကျော်ကြာပြီးမှ ယခုတစ်ကြိမ် ထပ်မံကြုံခွင့်ရှိတဲ့ Super Moon ဖြစ်ပါတယ်။ လဟာ ကမ္ဘာနဲ့အနီးဆုံးအနေအထားမှာ ရှိနေတာဖြစ်တဲ့အတွက် အဆမတန်ကြီးမားတဲ့လပြည့်ကြီးကို မြင်တွေ့ရတော့မှာဖြစ်**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## မြန်မာနှင့် နိုင်ငံတကာဆက်ဆံရေး

စာရေးသူ အလင်းဆက် (IR) ပြုစုရေးသားထားသည့် မြန်မာနှင့် နိုင်ငံတကာဆက်ဆံရေး (ရုရှား၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု) စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် အဓိကနိုင်ငံကြီးများဖြစ်သည့် ရုရှား-မြန်မာဆက်ဆံရေး၊ ဂျပန်-မြန်မာဆက်ဆံရေး၊ အိန္ဒိယ-မြန်မာဆက်ဆံရေး၊ အမေရိကန်-မြန်မာဆက်ဆံရေးများကို ထဲထဲဝင်ဝင်ရေးသားထားသည့်ပြင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် အဆိုပါနိုင်ငံကြီးများ၏ နိုင်ငံခြားရေးမူဝါဒများကိုပါ ပြည့်ပြည့်စုံစုံရေးသားထားသည်။

**စာအုပ်ကို ကိုလတ်စာပေ ဖုန်း-၀၉- ၅၀၂၀၀၆၈ အမှတ် (၂၀၀) ၃၁ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၆၅၀၀ ဖြင့် ဖြန့်ချိထားသည်။**




## ကျွန်တော်လေ့လာမိသော မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးနှင့် ဘဝပုံရိပ်များ

စာရေးသူမောင်ငွေအိုးပြုစုရေးသားသည့် ကျွန်တော်လေ့လာမိသော မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးနှင့် ဘဝပုံရိပ်များစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ၏ လုပ်ငန်းဆောင်တာများ၊ လူငယ်များမူးယစ်ဆေးဝါးသားကောင်ဘဝမရောက်စေရေး ဆောင်ရွက်ချက်များကို ရေးသားထားသည့်ပြင် ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါး၏ အန္တရာယ်များနှင့် နောက်ဆက်တွဲရောဂါဆိုးများဖြစ်သည့် HIV နှင့် AIDS ရောဂါများအကြောင်းပါဝင်သည်။

**စာအုပ်ကို ရွက်စိမ်းစာပေ အမှတ် (၄၃-အေ) မြေညီထပ် လမ်းမတော်မြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိထားသည်။**




## ခြေ အသားမာ၏ ဝေဒနာအပိုင်းအစနှင့် အခြားကဗျာများ

စာရေးဆရာ “ရာမည-သွေးမွန်” စီစဉ်ရေးသားခဲ့သည့် “ခြေအသားမာ၏ ဝေဒနာအပိုင်းအစနှင့် အခြားကဗျာများ” စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူသည် ရှည်လျားသော စာရေးသက်တစ်လျှောက် ကျဲပါးစွာ စာပေအနုပညာခံစားမှုရသကဗျာစာစုများကို ဖန်တီးရေးသားဖြစ်ခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ယနေ့တိုင် စာရေးသက်ဟု သတ်မှတ်ပါက နှစ် ၅၀ ကျော်ပြီဖြစ်ပြီး “သွေးသောက်မဂ္ဂဇင်း” သည် ၎င်း၏ အနုရသဘူမိနက်သန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် မြဝတီမဂ္ဂဇင်း၊ နိုင်ငံ့ဂုဏ်ရည်၊ ရင်ခုန်သံ၊ စစ်ပြန်၊ ပေဖူးလွှာ၊ ပါရမီ၊ မဟေသီ၊ မန္တလေးတိုင်းမ်၊ အထက်မြန်မာပြည် စသည်ဖြင့် စာနယ်ဇင်းမျိုးစုံတွင် ကလောင်ခြေဆန့်ခဲ့ရာမှ ဘဝအခြေအနေ၊ လောကမုန်တိုင်း အနိမ့်အမြင့် အတက်အကျ လှိုင်းတံပိုးအောက်မှ “ခြေအသားမာ၏ ဝေဒနာအပိုင်းအစနှင့် အခြားကဗျာများ”ကို ရှင်သန်စေခဲ့သည်။

သို့ဖြစ်၍ ၎င်း၏ လူ့ဘဝသက်တမ်း တိုတိုလေးတွင် လက်ရင်းဆရာ ချစ်နိုင်(စိတ်ပညာ) ဆိုသကဲ့သို့ သေမင်း၏အသက်ရှူသံကိုပင် ကြားရလောက်အောင် သေမင်းနှင့်နီးကပ်နေပြီဖြစ်ရာ လူ့ဘဝကို ရောက်ခဲ့တယ်ဆိုတာ သေချာအောင် စာအုပ်တစ်အုပ် ထုတ်ခဲ့ခြင်းသာဖြစ်ကြောင်း စာရေးသူက ဝန်ခံထားသည်။

**စာအုပ်ကို ချန့်ချန်စာပေ ဦးစိုးမင်းအောင်(၀၀၁၈၇) အမှတ်၂၇ ၁၇လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉- ၄၃၀၆၄၃၁၉ နှင့် ဦးသိန်းဟန် အိမ်အမှတ်(၁၄) တိုက်(၁၀၄) ခရေအိမ်ရာ နေပြည်တော် ဖုန်း-၀၉-၄၀၃၇၀၆၉၇၁ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

■

## မင်္ဂလာဒုံမြို့နယ်၌ ငှက်ဖျားရောဂါအကြောင်း အသိပညာပေး ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ယမန်နေ့ နံနက် ၁၁ နာရီတွင် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဝင်းမာနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး)ဒေါ်သန္တာမြင့်မြင့်ကျော်တို့က ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ငှက်ဖျားရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ငှက်ဖျားရောဂါပိုး သယ်ဆောင်လာသည့် ခြင်ကျားအကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်ကြောင်း၊ ထိုခြင်များသည် တောတောင်၊ စိမ့်စမ်းတို့တွင် ပေါက်ပွားလေ့ရှိပြီး ပတ်ဝန်းကျင်ရှိ ချုံနွယ်များကို သန့်ရှင်းအောင် ရှင်းလင်းပြုလုပ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စမ်းချောင်းရေ ချိုးရုံနှင့် ငှက်ဖျားရောဂါမဖြစ်နိုင်ကြောင်း၊ ခြင်အကိုက်မခံရအောင် ဆေးစိမ်ခြင်ထောင်နှင့် အိပ်ရန်လိုကြောင်း၊ ရောဂါပိုး၊ ငှက်ဖျားရောဂါပိုးရှိသည့် ကိုယ်ဝန်ဆောင်မှတစ်ဆင့် ကလေးကို ကူးစက်နိုင်ကြောင်း၊ သွေးလှူရှင်မှ သွေးသွင်းခံရသူကိုလည်း ကူးစက်နိုင်ကြောင်း မူးယစ်ဆေးသွင်းသူအချင်းချင်းလည်း ကူးစက်နိုင်ကြောင်း၊ ငှက်ဖျားရောဂါဖြစ်ပွားလျှင် ဖျားသည့်လက္ခဏာပြကြောင်း၊ ရောဂါပိုး ဦးနှောက်အထိ ရောက်ရှိသွားလျှင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်ကြောင်း၊ ငှက်ဖျားရောဂါ ရှိ/မရှိ ကိုလည်း RDT ဖြင့် စစ်ပါက ချက်ချင်းသိရှိနိုင်ကြောင်း စသည့် ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။




ညဏ်ဟိန်း

+ စာမျက်နှာ ၁၅ မှ

☆ အစွမ်းထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေအပြင် ပိုလီဖီနောဓာတ်တွေပါရှိတဲ့အတွက် ခန္ဓာကိုယ်အတွက် မလိုလားအပ်တဲ့ ဖရီးရယ်ဒီကယ်တွေကို သုတ်သင်ဖယ်ရှားပေးတာကြောင့် အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာရောဂါတွေ မဖြစ်စေနိုင်ပါ။

☆ မဲဇလီဖူးထဲမှာပါရှိတဲ့ သတ္တုဓာတ်ပေါင်းစုတွေက သူငယ်နာအရိုးပျော့ရောဂါကို ကာကွယ်ပေးတာကြောင့် မွေးဖွားလာတဲ့ကလေးတွေမှာ ပိုလီယိုရောဂါမဖြစ်စေဖို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေ မဲဇလီဖူးကို မဖြစ်မနေစားသုံးသင့်ပါတယ်။

☆ ဓာတ်ခွဲစမ်းသပ်ချက်တွေအရ မဲဇလီဖူး၊ အရွက်၊ အပွင့်ထဲတွင်ပါရှိတဲ့ အာဟာရဓာတ်တွေက ဟင်းနုနယ်တွင်ပါရှိတဲ့ အာဟာရဓာတ်တွေနဲ့ အလားတူတယ်လို့သိရပါတယ်။

### ဆေးဖက်ဝင်တဲ့ မဲဇလီဖူးသုပ်

အိမ်ရှင်မတွေဟာ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ကတည်းက ဈေးထဲမှာ မဲဇလီဖူးအစည်းလေးတွေဝယ်လာပြီး ချစ်ခင်ရတဲ့မိသားစုကို သုပ်ကျွေးလေ့ရှိကြပါတယ်။

မဇ္ဈိမဒေသမှလာတဲ့ သာရကောမုဒီဆေးကျမ်းအရ တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံလမင်းကြီးဝိုင်းစက်ပြည့်ဝန်းနေစဉ်မှာ ကြတ္တိကာနက္ခတ်နဲ့ စန်းယှဉ်ပြီး ပုဏ္ဏာတိထိ(ဗေဒင်အခေါ် တိထိ ၁၅ လုံးအတွင်း) ဆေးပင်အပေါင်းကို စောင့်ရှောက်တဲ့နတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းကြီးထံ လာရောက်ခစားကြတာကြောင့် ထိုည ထိုအချိန်မှာ မဲဇလီကို ဆေးဖက်ဝင်အောင်စီရင်ခြင်းဟာ အချိန်အခါကောင်းတစ်ရပ်လို့ ဖော်ပြထားပါတယ်။ ထိုသို့စီရင်ရာမှာလည်း လမင်းကြီး ပြည့်ပြည့်ဝဝပြည့်ဝန်းနေချိန်မှာ အရှေ့ဘက်ကိုထွက်နေတဲ့ မဲဇလီအဖူး၊ အပွင့်၊ အရွက်တွေကို စုံလင်အောင်ဆွတ်ခူးယူပြီး ချက်ချင်းသုပ်စားရမယ်လို့ ဆိုပါတယ်။

သို့သော် မြို့ပြနေသူတွေကတော့ မဲဇလီပင်နဲ့ လက်တစ်ကမ်းမှာ မရှိနိုင်တာကြောင့် ဈေးထဲမှာသာဝယ်ယူရရှိနိုင်တဲ့ မဲဇလီဖူးအစည်းလေးတွေကိုသာဝယ်ပြီး အိမ်မှာအသုပ်လုပ်ကာ တချို့ကလည်း ည ၁၂ နာရီမှာ စားကြသလို အများစုကတော့ အဆင်ပြေတဲ့အချိန် စတိသဘောနဲ့ သုပ်စားဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်ည ဆေးပေါင်းခချိန်ခါမှာ မဲဇလီဖူးသုပ်စားခြင်းက တစ်နှစ်တာကာလပတ်လုံး ကျန်းမာချမ်းသာ ဘေးဘယာကင်းဝေးစေနိုင်တာကြောင့် ရှေးထုံးကိုမပယ်တဲ့အနေနဲ့ဖြစ်နိုင်ရင် ညသန်းခေါင်ယံမှာ အရွက်တစ်ညွန့် (သို့မဟုတ်) အသီးတစ်တွဲကို အပင်မှဆူးခွတ် ရေဆေးထောင်းနယ်ပြီး ညဦးပိုင်းက ကြိုတင်သုပ်ထားတဲ့ မဲဇလီဖူးသုပ်ထဲသို့ ရောမွှေကာ စားသုံးသင့်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ အရသာက မဆိုသလောက် ခါးသက်သက်ဆိမ့်ဆိမ့်လေးနဲ့ ဆေးပေါင်းခတဲ့ မဲဇလီဖူးသုပ်ကိုတော့ ကျား၊ မ မရွေး နှစ်ခြိုက်ကြရာ တန်ဆောင်တိုင်ကာလမှာ သာမက ရာသီမရွေးသုပ်စားနိုင်ပါတယ်။

☆ မဲဇလီဖူးဟာ နုတဲ့အချိန်မှာ အစိမ်းဖျော့ရောင်ဖြစ်ပြီး ရင့်လာတဲ့အခါ အညိုရောင်ပြောင်းသွားတတ်ပါတယ်။ ဒါကြောင့် အစိမ်းဖျော့ရောင်အဖူးလေးတွေကို ရွေးချယ်ပါ။

☆ မဲဇလီဖူးကို အစိမ်းရည်တွေ ထွက်လာတဲ့အထိ ပြုတ်ပြီး ရေအေးမှာစိမ်ထားပါ။

☆ ပြီးလျှင် ပါးပါးလှီးပါ (သို့မဟုတ်) အသီးလေးတွေကို လေးစိတ်ကွဲအောင် မညက်တညက်ထောင်းပါ။

☆ ဇလုံကြီးကြီးတစ်ခုထဲမှာ စောစောက ထောင်းထားတဲ့မဲဇလီဖူးတွေကိုထည့်ပြီး ဆီချက်ဆီ၊ ပါးပါးလှီးထားတဲ့ ကြက်သွန်နီ၊ ပုစွန်ခြောက်မှုန့်၊ မြေပဲထောင်းမှုန့်၊ နှမ်း၊ ဆား၊ အရသာဟင်းခတ်မှုန့်တွေကို မိသားစုအကြိုက်အရသာဖြစ်အောင် ရောနယ်ပါ။

☆ ပြီးလျှင် သံပရာသီးလေးညှစ်ထည့်ပါ။

☆ ဆီချက်အဖတ် (ကြက်သွန်နီဆီချက်အဖတ်) ဖြူးပြီး စားပါ။

အချုပ်အားဖြင့်ဆိုသော် အနှစ် ၇၀ ကြာမှ တစ်ကြိမ်ဖြစ်ပေါ်တဲ့ ယခုနှစ်အတွက် အလွန်ထူးခြားမယ့် အဆမတန်ကြီးမားတဲ့ Super Moon လပြည့်ည၏ဆေးပေါင်းခချိန် ည ၈ နာရီ ၄၆ မိနစ် ၃၅ စက္ကန့်မှာ မိသားစုတွေ ပျော်ရွှင်စွာ ဝိုင်းဖွဲ့ပြီး မဲဇလီဖူးသုပ်လေးစားရင်း ရောဂါဘယကင်းဝေးကြပါစေကြောင်း ဆုတောင်းဆန္ဒပြုပါတယ်။ ဒါ့အပြင် တန်ဆောင်မုန်းလပြည့်ညမှာ ကာလသားတွေက အိမ်တကာ (သို့မဟုတ်) လမ်းတကာမှပစ္စည်းတွေကို ဟိုဟိုဒီဒီနေရာရွှေ့ကာ စနောက်ကျီစယ်လေ့ရှိကြတဲ့ “ကျီးမနိုးပွဲ” (ဝါ) “ဓားရပွဲ” ဟာလည်း ချစ်စရာမြန်မာ့ရိုးရာဓလေ့ဖြစ်တာကြောင့် အရိုးပေါ်အရွက်မဖုံး အမုန်းကိုရှောင်၍ ပြုံးပျော်နားလည်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ

(ယမန်နေ့မှ အဆက်)

**ရန်ကုန်တိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၄၁ | Denko (ဒဂုံဆိပ်ကမ်း ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ်(၁၈၃၀)၊ ၆၀ ရပ်ကွက်၊ ပဲခူးမြစ်လမ်းနှင့် အဝေရာလမ်းထောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၂ | Denko (မြောက်ဥက္ကလာပ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ်(ဃ/၁၆ H )၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာ အဝိုင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဆိုင်အမှတ် (၀၂၄၃) |
| ၄၃ | Denko (သန်လျင် ၂) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် ၆၇၁၊ ကျောင်းကန်အရှေ့ကွင်း၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ ကျိုက်ခေါက်ဘုရားလမ်း၊ သန်လျင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၄ | Denko (မြောက်ဒဂုံ-၂) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၃/၈) ၊ ပြည်ထောင်စုလမ်း၊ ၂၇ ရပ်ကွက်၊ တောင်/မြောက်လမ်းဆုံအနီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၅ | Denko (အောင်ဆန်း) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၆ | Denko (ရွှေပြည်သာ) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၄၂/ ၃၀၅)၊ အမှတ် ၄ လမ်းမကြီး၊ စက်မှုဇုန် (၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၇ | Denko (လှိုင်သာယာ-၁) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၅၈၈) ၇ ရပ်ကွက်၊ မီးခွက်ဈေး အောက်ထိပ် အနီး ရန်ကုန်-ပုသိမ်လမ်းမကြီး လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၈ | Denko (လှိုင်သာယာ ၃) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၃/၄၉) အလယ်ရွာကျေးရွာအုပ်စု ၊ ခရေပင် လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ မြောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၉ | Denko (အင်းစိန်) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | BOC ကွေ့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၅၀ | Denko (မြောက်ဒဂုံ-၁) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ်(၅၄၂ / ၅၄၃)၊ ဗိုလ်မှူးဗထူးလမ်း၊ နာရေး ကူညီမှုအသင်း(ရန်ကုန်)ဘေး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၁ | Denko (သန်လျင် ၁) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၁၇)၊ ကွင်းအမှတ်(၇)၊ ကျိုက်ခေါက် ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၂ | Denko (ထန်းတပင်) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | အမှတ် (၈/၄)၊ အမှတ် (၅)လမ်းမ ( ရန်ကုန်-ပုသိမ်) လမ်းမကြီး၊ အစုကြီးကျေးရွာအုပ်စု၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၃ | Denko (လှည်းကူး) | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | ကျွန်းကလေးကျေးရွာ၊ တန် (၁၀၀)ဆန်စက်ဝင်း အနီး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။ |
| ၅၄ | MMHK – TW | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ဘုရားကုန်းကျေးရွာအုပ်စု သန်လျင်မြို့နယ်၊ အရှေ့ပိုင်းတက္ကသိုလ်အနီး(တာ၀) |
| ၅၅ | Nilar Yoma – TP | ၁၃၆၂ | | | ၁၆၂ သိမ်ဖြူလမ်း(၉)ရပ်ကွက် ဗိုလ်တထောင် မြို့နယ် |
| ၅၆ | ထက်ကေရီ-အမှတ်(၂) လမ်းမကြီး | ၁၃၆၂ | ၁၃၂၀ | ၁၃၃၀ | အမှတ်(၂)လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၇ | သရဖူ-အင်းစိန် | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်း ဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၅၈ | Petro K Bahan | ၁၃၆၂ | ၁၃၃၀ | ၁၃၄၀ | အနောက်မျဉ်းပြိုင်ကွင်းလမ်းနှင့် ဆရာစံ လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၉ | Petro K Shan Su | ၁၃၆၂ | ၁၃၃၀ | ၁၃၄၀ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည် လမ်းမကြီး၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆၀ | Petro K Hmaw Bi | ၁၃၆၂ | ၁၃၃၀ | ၁၃၄၀ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာ ကွင်းအမှတ် (၅၆၇/A က)။ |
| ၆၁ | Lucky7 Petroleum | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ကျိုက်ခမီဘုရားလမ်း၊ ကျောက်တန်းမြို့နယ် |
| ၆၂ | Yadanar Station | ၁၄၁၂ | ၁၃၃၅ | ၁၃၄၁ | ခြံ(၁)၊ သစ်စိမ့်ကုန်းရပ်ကွက်၊ အမှတ်(၃) လမ်းမ |
| ၆၃ | PT Power (ကုလားဝဲ) | ၁၃၆၂ | | | အမှတ်(၇၁၀)၊ဒဂုံ-သီလဝါလမ်းမကြီးဘေး၊ ကုလားဝဲကျေးရွာ |
| ၆၄ | PT Power (မှော်ဘီ) | | ၁၃၃၄ | ၁၃၄၁ | သနေပင်ကျေးရွာအုပ်စု |
| ၆၅ | PT Power (အမြန်လမ်း) | | ၁၃၃၄ | ၁၃၄၁ | သာယာကုန်းကျေးရွာအုပ်စု |
| ၆၆ | Yangon Petrol (ဒလ) | | ၁၃၃၄ | ၁၃၄၁ | အမှတ် ၁၄၂၄၊ ဒလ-တွံတေးလမ်းမကြီး၊ ဆာဖာချောင်ရပ်ကွက် |

**မန္တလေးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | MMTM – MDY 59 | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂ | MMTM – MDY 67 | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | နတ်ရေကန်ရပ်ကွက်၊ အမရပူရမြို့နယ်၊ |
| ၃ | MMTM – Kumae | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄ | Shwe Byain Phyu (MDY – 26B St) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၅ | Shwe Byain Phyu (Yinn Mar Pin) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ယင်းမာပင်ကျေးရွာအုပ်စု၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၆ | Shwe Byain Phyu (MDY – Myit Ngal) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | စက်ကွေ့-စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ အမရပူရ မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မန္တလေး တိုင်းဒေသကြီး |
| ၇ | KS(027) | ၁၄၂၄ | ၁၃၄၄ | ၁၃၅၁ | ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေး တိုင်းဒေသကြီး။ |
| ၈ | KS(031) | ၁၄၁၉ | ၁၃၃၉ | ၁၃၄၆ | တောတွင်းကျေးရွာ၊ အမရပူရမြို့၊ မန္တလေးတိုင်း ဒေသကြီး။ |
| ၉ | KS(26) | ၁၄၂၄ | ၁၃၄၄ | ၁၃၅၁ | ထန်းခွကျေးရွာအုပ်စု၊ နွားထိုးကြီးမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး။ |
| ၁၀ | KS(030) | ၁၄၂၉ | ၁၃၄၄ | ၁၃၅၆ | ဥသျှစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း။ |
| ၁၁ | OK Energy (Nyaung U) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | ညောင်ဦး-ကျောက်ပန်းတောင်း လမ်းမကြီးဘေး |
| ၁၂ | OK Energy (Kyaukpataung) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းဘေး မြို့ဦးစေတီအနီး |
| ၁၃ | OK Energy (Yamethin) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ရန်ကုန် – မန္တလေး လမ်းမကြီးဘေး ရွှေဒါးကျေးရွာ |
| ၁၄ | Power-9 (Pyinmana) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ရန်ကုန်-ပျဉ်းမနားလမ်းဟောင်း နှင်းဆီဝိုင်းအနီး ပုဗ္ဗသီရိမြို့နယ် |
| ၁၅ | Than Lwin Thit | ၁၄၀၂ | ၁၃၇၄ | ၁၃၈၁ | လျှပ်စစ်လမ်းခွဲ၊ မွန်းတည့်ခွင်ကျေးရွာ၊ ဇေယျာသီရိမြို့နယ် ၊ နေပြည်တော်။ |
| ၁၆ | Moon Sun Energy(Mandalay) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ပြည်ကြီးမင်္ဂလာကုန်တင်ရပ်နားစခန်း (စွယ်တော်ကားကြီးဝင်း)၊ အမရပူရမြို့နယ် မန္တလေးတိုင်းဒေသကြီး။ |
| ၁၇ | Moon Sun Energy(Meiktilar) | ၁၄၅၇ | ၁၃၈၀ | ၁၃၈၆ | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ဝက်တိုးကျေးရွာ အုပ်စု၊ မိတ္ထီလာတိုးဂိတ်အနီး၊ မိတ္ထီလာမြို့။ |
| ၁၈ | Moon Sun Energy(Thazi) | ၁၄၅၇ | ၁၃၈၀ | ၁၃၈၆ | မိတ္ထီလာ-တောင်ကြီးလမ်းမ၊ ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့။ |
| ၁၉ | Shan Shwe Taung (Phayangazu) | ၁၄၀၂ | ၁၃၆၉ | ၁၃၇၆ | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀ | Farmer Fuel Station – TPWD | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | စစ်ကိုင်း-မန္တလေးလမ်း၊ ကန်တော်ကြီးမီးပွိုင့်အနီး၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |
| ၂၁ | Asia Energy –78 ပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၇၈ လမ်း၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ မန္တလေး လေယာဉ်ကွင်းလမ်းနှင့် မျက်နှာချင်းဆိုင်၊ ချမ်းမြသာစည်မြို့နယ်။ |

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၃၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၂၁ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၉၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၃၁) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃ ဒသမ ၂၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၈၇,၂၂၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၂,၅၄၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၅၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၃,၅၃၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း (၁၈,၉၁၃) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ (၅)ရာခိုင်နှုန်းအောက်သို့ စတင်လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။
  - **အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊**
  - **လက်ကို မကြာခဏဆေးကြောခြင်း၊**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၂၉) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၂) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၃၃) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၇) ခု | (၂၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၉၁) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၆) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၂၁၃) ခု | (၇၅၂) ဦး |
| **စုစုပေါင်း** | **(၂၅,၉၂၈ ) ခု** | **(၈၃၁) ဦး** |

  - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
  - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
  - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
  - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊**
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၈၃၄၈၁၀ | ၃၇၈၄၆၃၀၅ | ၇၈၂၉၃၃ |
| ၂။ | အိန္ဒိယ | ၃၄၄၂၆၀၃၆ | ၃၃၈၂၆၄၈၃ | ၄၆၃၂၄၅ |
| ၃။ | ဘရာဇီး | ၂၁၉၄၀၉၅၀ | ၂၁၁၃၈၅၈၄ | ၆၁၀၉၃၅ |
| ၄။ | ဗြိတိန် | ၉၄၈၇၃၀၂ | ၇၇၅၈၆၂၅ | ၁၄၂၆၇၈ |
| ၅။ | ရုရှား | ၉၀၃၁၈၅၁ | ၇၇၅၄၇၆၄ | ၂၅၄၁၆၇ |
| ၆။ | တူရကီ | ၈၃၆၃၉၅၉ | ၇၈၄၃၁၅၅ | ၇၃၁၂၇ |
| ၇။ | ပြင်သစ် | ၇၂၆၀၅၀၃ | ၇၀၀၂၇၄၂ | ၁၁၈၁၂၁ |
| ၈။ | အီရန် | ၆၀၃၁၅၇၅ | ၅၆၈၃၄၅၈ | ၁၂၈၀၄၂ |
| ၉။ | အာဂျင်တီးနား | ၅၃၀၄၀၅၉ | ၅၁၆၉၆၉၇ | ၁၁၆၂၂၂ |
| ၁၀။ | စပိန် | ၅၀၄၇၁၅၆ | ၄၈၈၉၈၀၁ | ၈၇၆၇၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၀၅၁၆ | ၄၀၉၇၆၇၅ | ၁၄၃၆၄၄ |
| ၂။ | ဖိလစ်ပိုင် | ၂၈၁၅၀၈၀ | ၂၇၄၀၄၂၆ | ၄၅၂၇၂ |
| ၃။ | မလေးရှား | ၂၅၃၅၃၃၈ | ၂၄၄၁၄၈၅ | ၂၉၅၇၆ |
| ၄။ | ထိုင်း | ၂၀၁၁၃၃၁ | ၁၈၉၅၉၂၉ | ၁၉၉၈၇ |
| ၅။ | ဗီယက်နမ် | ၁၀၁၈၃၄၆ | ၈၅၈၀၅၄ | ၂၃၀၁၈ |
| ၆။ | မြန်မာ | ၅၁၂၅၄၈ | ၄၈၃၅၃၀ | ၁၈၉၁၃ |
| ၇။ | စင်ကာပူ | ၂၃၃၁၇၆ | ၂၀၇၉၈၃ | ၅၆၂ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၄၈၁ | ၁၁၅၈၆၂ | ၂၈၆၁ |
| ၉။ | လာအို | ၅၂၁၇၅ | ၄၁၆၅၉ | ၉၄ |
| ၁၀။ | ဘရူနိုင်း | ၁၄၁၇၂ | ၁၃၄၄၇ | ၉၆ |

**ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## မန်းရွှေစက်တော်ဘုရားကြီးတွင် ဓာတ်လှေကားတာဝါဆောက်လုပ်နေမှု လုပ်ငန်းအားလုံး ၇၂ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီး

**မင်းဘူး နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် တည်ဆောက်လျက်ရှိသော ဓာတ်လှေကားတာဝါဆောက်လုပ်နေမှု လုပ်ငန်းများအားလုံး ၇၂ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါဓာတ်လှေကား (Lift Tower နှင့် Walk Way Bridge) ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို မန်းရွှေစက်တော်ဘုရားဓာတ်လှေကားတာဝါအရည်အသွေးစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် စစ်ဆေးရေးအဖွဲ့ဝင်များက နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးကို အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

မန်းရွှေစက်တော်ဘုရားဓာတ်လှေကားတာဝါတည်ဆောက်ရေးအပိုင်းအနေဖြင့် ယခုလက်ရှိ Lift Tower Emergency Second Floor အတွက်ကို သံစင်နှင့် ပုံစံရိုက်ကွန်ကရစ်လောင်းရန်ပြင်ဆင်နေကြောင်း၊ Walk Way Bridge လျှောက်လမ်းအတွက် စတီးလက်ရန်းနှင့် သံပန်းတပ်ဆင်ခြင်းလုပ်ငန်းနှစ်ခု ဆောင်ရွက်နေကြောင်း၊ Steel Structure အမိုးမိုးရန်အတွက် ဒိုင်းနှင့် မျှားတန်းများတပ်ဆင်နေပြီး ကတ်တုန်းလောင်းရန် ပြင်ဆင်နေကြောင်း၊ ယနေ့အထိ ၇၂ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း Kyaw Thar Engineering Construction Group ကုမ္ပဏီမှ Project မန်နေဂျာ ဦးသန်းလွင်က ပြောကြားသည်။

မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားတာဝါကို နှစ်ကျိပ်ရှစ်ဆူစေတီတော်အနီးမှ ကိုးခန်းကြီးဘုရားအထိ (အလျားပေ ၂၁၀ x အမြင့် ၁၁၉ ပေ x အကျယ် ၁၂ ပေ) ဖြင့် အတက်နှင့်အဆင်းဟူ၍ Lift Tower နှစ်စင်းကို ဘုရားကြီးဘဏ္ဍာငွေမှ ခွင့်ပြုငွေကျပ်သိန်း ၁၆၀၀၀ ခန့်ဖြင့် တည်ဆောက်နေကြောင်း၊ ဓာတ်လှေကားတစ်စင်းလျှင် လူ ၂၀ နှုန်းဖြင့် စုစုပေါင်းလူ ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းကာလမှာ ၂၀၂၁ ခုနှစ် ဇွန် ၂၉ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိဖြစ်ကာ ဘုရားပွဲတော်ချိန်မတိုင်မီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**





## ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေး YBS ယာဉ်လိုင်းများ တိုးမြှင့်ပြေးဆွဲပေး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းလာသည်နှင့်အမျှ မြို့တွင်းခရီးသွားလာမှုမှာလည်း ယခင်ထက် ပိုမိုများပြားလာခဲ့ပြီဖြစ်ရာ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများကို ယခင်ကထက် တိုးမြှင့်ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

"မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းလာပြီး ရန်ကုန်မြို့တွင်း ခရီးသွားလာမှုများ ပိုမိုများပြားလာတာကြောင့် အရင်ကထက် ယာဉ်လိုင်းတွေတိုးမြှင့်ပြီး ယာဉ်အစီးရေများများနဲ့ နေ့စဉ်နံနက် ၅ နာရီကနေ ည ၇ နာရီလောက်အထိ ပုံမှန်ပြေးဆွဲပေးလျက်ရှိပါတယ်။ နောက်ပြီး လက်ရှိကာလမှာ ယာဉ်စီးခ ပိုမိုကောက်ခံတယ်ဆိုတဲ့ ယာဉ်တွေကိုလည်း ကျွန်တော်တို့အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဥပဒေနှင့်အညီ အရေးယူနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

ရန်ကုန်မြို့တွင်း YBS ယာဉ်လိုင်းများ ပြေးဆွဲမှုအနေနှင့် ယခင် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင်ကာလက ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းရှိပြီး ယာဉ်အစီးရေ ၄၀၀၀ ခန့်ဖြင့် နေ့စဉ် မြို့တွင်းခရီးသွားပြည်သူ နှစ်သန်းခန့်အား ပုံမှန်ပြေးဆွဲ ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားနေသည့်ကာလတွင် ယာဉ်လိုင်းပေါင်း ၅၀ ကျော်ရှိပြီး ယာဉ်အစီးရေ ၁၀၀၀ ခန့်ဖြင့် မြို့တွင်းခရီးသွားပြည်သူ တစ်သိန်းခန့်အား နေ့စဉ်ပြေးဆွဲပို့ဆောင်ပေးနိုင်ခဲ့ရာမှ ယခုအခါ YBS ယာဉ်လိုင်း ၉၇ လိုင်းမှ ယာဉ်အစီးရေ ၂၆၀၀ ခန့်ဖြင့် ခရီးသွားပြည်သူ ငါးသိန်းခန့်အထိ နေ့စဉ်တိုးမြှင့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင် (ပြန်/ဆက်)**

## ရဝမ်အမျိုးသား ယဉ်ကျေးမှုပြတိုက် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၃**

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ရဝမ်အမျိုးသားယဉ်ကျေးမှုပြတိုက်အား ကြည့်ရှုစစ်ဆေးပြီး ကောင်းမှုလုံနှင့် ကျောက်နဂါးကို ဖူးမြော်ကြည်ညိုသည်။

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုပံ့ပိုးရန်ပုံငွေကျပ် သန်းပေါင်း ၄၀၀ ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ရဝမ်အမျိုးသား ယဉ်ကျေးမှုပြတိုက်တွင် ရဝမ်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ခေတ်ပေါ်အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မချမ်းဘော့မြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ကောင်းမှုလုံစေတီတော်နှင့် ကျောက်နဂါးအား ဖူးမြော်ကြည်ညိုကာ အလှူငွေကျပ် ၂၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ကောင်းမှုလုံစေတီတော်ဂေါပက တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**



## အဆင့်မြင့်နည်းပညာဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်တိုးချဲ့တပ်ဆင်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အလုံမြို့နယ်ရှိ ၃၃ ကေဗွီ ဟံ့ဟိုင်းဓာတ်အားခွဲရုံအား အဆင့်မြင့်နည်းပညာဖြင့်တိုးချဲ့တပ်ဆင်မည့်လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဓာတ်အားခွဲရုံအတွက် ဆက်စပ်ပစ္စည်းများရောက်ရှိနေရာချထားမှုများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ကြည့်ရှုစစ်ဆေးသည်။


တိုင်းဒေသကြီးဝန်ကြီးအား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးကျော်သူက နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် အလုံ ၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံမှ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်း၊ ဒဂုံ၊ လမ်းမတော်၊ လသာမြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားခွဲရုံသည် သက်တမ်းကြာဓာတ်အားခွဲရုံဖြစ်သည့်အတွက် ဝန်အားအပြည့်အဝအသုံးမပြုနိုင်ခြင်း၊ တပ်ဆင်ထားသောပစ္စည်းများ မကြာခဏချို့ယွင်းသည့်အတွက် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်သဖြင့် နည်းပညာမြင့်မားသော Compact Gas Insulated Switchgear (C-GIS) များကို Indoor Type with SCADA Compatible, Double Bus ဖြင့် ပြောင်းလဲ၍ အဆင့်မြှင့်တင် တိုးချဲ့တပ်ဆင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးက လုပ်ငန်းခွင်အတွင်း လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန်၊ ဓာတ်အားခွဲရုံဧရိယာအား ခြံစည်းရိုးကာရန်ထားရှိရန်၊ လုပ်ငန်းခွင်အတွင်း စနစ်တကျသန့်ရှင်းစွာ ထားရှိဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ပနိုင်ငံများမှဝယ်ယူသည့် C- GIS နှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေရာချထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဓာတ်အားခွဲရုံ၏ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်းကို ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီမှ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှုများဖြင့် တပ်ဆင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက ၃၃ ကေဗွီ ဟံ့ဟိုင်းဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ဖော်ပြပါမြို့နယ်များအတွင်းရှိ မီးသုံးစွဲသူ ပြည်သူများအနေဖြင့် ဗို့အားတည်ငြိမ်ပြည့်ဝစွာဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**

ဝတ္ထုတို




## ရဲထက်(ရွှေတောင်)

**အခန်း(၁)**

"မဖြစ်သေးပါဘူးအေ... အဲဒီစက်လေးကို ညည်းအစ်ကိုက သိပ်တွယ်တာတာအေ့။ ငါပေါင်လိုက်ရင် သူစိတ်ဆိုးမှာ သေချာတယ်။ ပြီးတော့ ငါကိုယ်တိုင်ကလည်း မပေါင်ရက်ဘူးဖြစ်နေတာ။ ဘယ်တတ်နိုင်မလဲအေ.. လိုနေတဲ့ငွေကိုတော့ မသိန်းကြွယ်ဆီပဲ မျက်ရည်ခံသွားထိုးရတော့မှာပေါ့။ အရင်ချေးထားတာတွေလည်း ပြန်မဆပ်ရသေးဘူး။ ငါသေသာသေလိုက်ချင်ပါတော့တယ်အေ..."

ယောက်ျားဖြစ်သူ ကိုထွန်းမောင် ဆေးရုံတက်ရန် အရေးပေါ်ငွေလိုနေသဖြင့် မမြခင် ခေါင်းမီးတောက်နေသည်။ မမြခင်၏ အဝတ်ချုပ်စက်လေးကို အပေါင်ထားရန် ညီမဖြစ်သူက အကြံပေးသော်လည်း မပေါင်ရက်။ ကိုထွန်းမောင်သိလျှင်လည်း ခွင့်ပြုမည်မဟုတ်ပေ။ ခွင့်မပြုဆိုသည်စက်လေးက ကိုထွန်းမောင်နှင့် မမြခင် မညားခင်ကတည်းက မမြခင်တို့ မိသားစုအတွက် ထမင်းအိုးဖြစ်ခဲ့သည်ပဲလေ။

"အဲဒါဆိုလည်းမမရယ်... မသိန်းကြွယ်ဆီ ညည်းမသွားနဲ့တော့။ ငါပဲသွားလိုက်တော့မယ်။ ညည်းဆိုရင် မချေးဘဲနေနေဦးမယ်။ ငါဆိုရင်တော့ လွယ်တာပေါ့အေ။ ပိုပိုလိုလိုလည်း ချေးလို့ရတာပေါ့ မဟုတ်ဘူးလား...."

သမီးလေးတစ်ယောက် ရှိပေမယ့် သူ့အိမ်ထောင်နှင့်သူ မပြေလည်လှသည်တော့ ညီမဖြစ်သူကပင် အစစအရာရာ ကူညီထောက်ပံ့နေရသည်ပင်။

"အေး...လုပ်ပါဦး လှခင်ရယ်။ ငါ့မှာလည်း ညည်းတစ်ယောက်ပဲ အားကိုးစရာရှိတော့တာ..."

ညီမဖြစ်သူ မလှခင်၏ စကားကြောင့် မမြခင်မျက်နှာ ပြုံးယောင်ယောင်ရှိလာသည်။ အဲဒီနောက်တော့ မလှခင် တစ်ယောက် ငွေတိုးချေးသူ မသိန်းကြွယ်ဆီ အပြေးသွားရတော့သည်။ မသိန်းကြွယ်ကလည်း "မိန်းမလည် သိန်းကြွယ်" ဆိုသည့်အတိုင်း နာမည်နှင့်လိုက်အောင် လည်လွန်းသူဖြစ်သည်။ မလှခင် ငွေလာချေးသည်နှင့် ခဲအိုကိုထွန်းမောင် မကျန်းမာသည်ကို ဆက်စပ်တွေးလိုက်လျှင်ပင် မလှခင် ငွေလာချေးသည်မှာ မမြခင်အတွက်ဆိုတာ ခန့်မှန်းမိလိုက်သည်ပင်။ ထို့ကြောင့် မလှခင် တောင်းသည့်ငွေကို အပြည့်မချေးဘဲ တစ်ဝက်သာချေးလိုက်လေသည်။ သည်တော့ မလှခင် အပြန်လမ်းမလှ။ မှန်းချက်နှင့် နှမ်းထွက်က ပက်ပက်စက်စက်လွဲခဲ့သည်ပဲလေ။

ထိုကဲ့သို့ ငွေကြေးမလောက်မှုက တစ်မျိုး၊ ကိုထွန်းမောင်၏ ရောဂါကျွမ်းနေခဲ့တာက တစ်ကြောင်းကြောင့် ဆေးရုံတက်ပြီး နှစ်ရက်လောက်အကြာမှာပင် ကိုထွန်းမောင် အသက်ဆုံးပါးခဲ့ရရှာသည်။ ကိုထွန်းမောင် မကျန်းမာသည်မှာ လနှင့်ချီခဲ့သော်လည်း တစ်ဦးတည်းသော သမီးလေးက တစ်ခေါက်မျှရောက်မလာ။ အကြောင်းပြချက်မျိုးစုံဖြင့်သာ ဖခင်၏ နောက်ဆုံးခရီးကိုတောင် လိုက်မပို့နိုင်ခဲ့။ အဲဒီနောက်မှာတော့ မမြခင်တစ်ယောက်တည်း အဝတ်ချုပ်စက်လေးဖြင့် လုပ်ကိုင်စားသောက်နေခဲ့ရသည်။ တင်နေသည့် အကြွေးတွေကို ဖြည်းဖြည်းချင်းဆပ်ရင်း အိုစာမင်းစာလေးကိုလည်း ခြစ်ကုပ်ချွေတာ စုဆောင်းမိခဲ့သည်။

**အခန်း(၂)**

သည်နေ့ဆိုလျှင် ကိုထွန်းမောင် ဆုံးပါးသွားခဲ့သည်မှာ ငါးလပြည့်ခဲ့လေပြီ။ ထို့ကြောင့် မမြခင်တစ်ယောက် ကိုထွန်းမောင်အားရည်စူး၍ ဘုန်းကြီးကျောင်းသို့ ဆွမ်းကပ်သွားလေသည်။ ဘုန်းကြီးကျောင်းမှအပြန် ခြံဝမှာ ကိုယ်ဝန်အရင့်အမာကြီးနှင့် သမီးဖြစ်သူ စန္ဒာနှင့်တွေ့လေ၏။ သမီးဖြစ်သူကို တွေ့တွေ့ချင်းပင် မမြခင်ဝမ်းသာစွာ ပြုံးလိုက်မိသည်။ ထို့နောက်မှာ သမီးဖြစ်သူကို ခါးမှ သိုင်းဖက်လျက် အိမ်ထဲသို့ တွဲခေါ်လာခဲ့သည်။

"အမေ ဘာလိုလိုနဲ့ အဖေဆုံးတာတောင် ငါးလပြည့်သွားပြီနော်...."

အိမ်ပေါ်ရောက်ရောက်ချင်း ခန်းဆီးထရံ အပေါ်ထောင့်မှ ကိုထွန်းမောင်၏ ဓာတ်ပုံကိုကြည့်ကာ စန္ဒာက ပြောသည်။

"အေး... ဟုတ်တယ်သမီးရဲ့ ... အဲဒါကြောင့် ဒီမနက်ပဲ အမေဆွမ်းသွားကပ်ခဲ့တာလေ..."

"သမီးတောင်းပန်ပါတယ် အမေရယ်။ အဖေနေမကောင်းတုန်းက မလာဖြစ်ခဲ့တဲ့အတွက်ရော၊ အဖေ့ရဲ့ နောက်ဆုံးခရီးကို လိုက်မပို့နိုင်ခဲ့တဲ့အတွက်ရော... သမီးတောင်းပန်ပါတယ်။ အဲဒီရက်တွေတုန်းက အမေ့သမက်ရဲ့ အမှုကလည်းမပြီးသေးဘူးလေ။ သမီးမှာကလည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့ လူရောစိတ်ပါ အရမ်းပင်ပန်းနေရတဲ့အချိန်မို့ပါ..."

လွန်ခဲ့သည့်ငါးလက ကိုထွန်းမောင် မကျန်းမမာရှိခဲ့စဉ် စန္ဒာ့ရဲ့ ခင်ပွန်းက ငွေကြေးလိမ်လည်မှုနှင့် တရားစွဲခံထားရခြင်းဖြစ်သည်။ အဲဒီနောက်တော့ ထောင်ဒဏ်သုံးနှစ် အချခံထားခဲ့ရသည်ဟု ကိုထွန်းမောင်ရော မမြခင်ပါ သိခဲ့သည်ပဲ။ ကိုထွန်းမောင် ဆုံးပါးသွားခဲ့သည်မှာ သမီးစိတ်လည်း မကောင်းနိုင်။

"အေးပါ သမီးရယ်... အမေတို့ နားလည်ပါတယ်။ ညည်းအဖေလည်း ညည်းကို ခွင့်လွှတ်မှာပါ။ အဲဒါတွေပြန်တွေးမနေနဲ့တော့နော်။ အခုသမီးက မွေးခါနီးဖွားခါနီးဖြစ်နေပြီ မဟုတ်လား..."

မမြခင်က ရေဆေးပြီး ဆွမ်းချိုင့်တွေကို အဝတ်စနှင့် သုတ်ရင်းပြောသည်။

"ဟုတ်ပါတယ်အမေ...အခုလည်း အဲဒီကိစ္စနဲ့ လာခဲ့တာပါ။ ခလုတ်ထိမှ အမိတတယ်ပြောလည်း သမီးခံရတော့မှာပဲ အမေ။ အခု သမီးမှာ မွေးစရိတ်လိုနေတယ် အမေ။ မွေးဖို့ကလည်း နောက်တစ်လလောက်ပဲလိုတော့တယ်။ဆရာဝန်ကလည်း ခွဲမွေးမှရမယ်ပြောတယ် အမေရယ်....."

စန္ဒာ့ရဲ့ ပါးပြင်မှ မျက်ရည်စတို့စီးကျလာသည်။ မမြခင်က သုတ်လက်စ ဆွမ်းချိုင့်တွေကိုထားပြီး စန္ဒာ့အနားအပြေးကပ်လာသည်။

"သမီးယောက္ခမတွေကလည်း သူတို့သား အခုလိုဖြစ်ရတာ သမီးကြောင့်လို့ပဲ အပြစ်တင်နေကြတယ်။ အစ်ကိုထောင်ကျပြီးကတည်းက သမီးကိုလှည့်ကြည့်တော့တာမဟုတ်ဘူး။ ခုလိုမွေးခါနီးပြီဆို သမီးအနားမှာ တစ်ယောက်ယောက်တော့ ရှိနေမှဖြစ်မှာလေ။ အဲဒါကြောင့်အမေ့ဆီ ပြေးလာခဲ့တာ။ သမီးကို ကယ်ပါဦး အမေရယ်...ဟင့်..."

"အေးပါသမီးရယ်... အမေ့သမီးပဲ အမေကူညီရမှာပေါ့သမီးရဲ့။ မငိုနဲ့တော့ နော်သမီး တိတ်တော့.."

မမြခင်က စန္ဒာ့မျက်ရည်တွေကို သုတ်ပေးရင်းပြောသည်။

"အင်း....ငါ့မှာ စုထားတဲ့ငွေလေးနဲ့ အဝတ်ချုပ်ခလေးတွေ လိုက်တောင်းလိုက်ရင်တော့မနည်းလေးရပြီ။ဒါပေမယ့် ခွဲမွေးဖို့ဆိုရင်တော့ လောက်လိမ့်မယ် မထင်ဘူး။ အေးပေါ့လေ ဘယ်တတ်နိုင်ပါ့မလဲ။ ဟိုနည်းနည်း ဒီနည်းနည်းပဲ ကြံဖန်စုရတော့မှာပဲလေ...."

မမြခင်တစ်ယောက် စိတ်ထဲမှ ရေရွတ်နေမိတော့သည်။

**အခန်း(၃)**

"မြခင်ရေ....မြခင်..."

"ဟယ် ကိုထွန်းမောင် လာလေ အိမ်ပေါ်တက်..."

မမြခင်က အိမ်ပေါ်မှ ခပ်သွက်သွက်ပြေးဆင်းလာပြီး ပြောသည်။

"ငါ နင့်ကို လက်ဆောင်ပေးစရာရှိလို့လာခဲ့တာ..."

" လက်ဆောင် ဘာလက်ဆောင်လဲ အထူးအဆန်းပါလား..."

"ဘာလက်ဆောင်လဲသိချင်ရင် ခြံဝကို လှမ်းကြည့်လေ..."

ကိုထွန်းမောင်က ခြံဝသို့ လက်ညိုးထိုးပြရင်း ပြောသည်။

"ဟယ် အဝတ်ချုပ်စက်လေးပါလား...."

မမြခင်မျက်နှာ၌ အပြုံးစတို့ပေါ်လွင်လာ၍ ထိုအပြုံးတို့သည် စကားအဆုံး၌ တဖြည်းဖြည်း မှေးမှိန်သွားသည်။ ထို့နောက် ကိုထွန်းမောင် မျက်နှာကို ကြည့်ပြီး စကားပြန်ဆက်သည်။

"ကိုထွန်းမောင် ဒီစက်လေးကို ဘယ်ကငွေနဲ့ ဝယ်လာတာလဲဟင်။ နောက်ပြီး ဘာအတွက်ဝယ်ပေးတာလဲ..."

"မြခင်ပဲ ဟိုနေ့က အဝတ်ချုပ်စက်လေးတစ်လုံးလောက် လိုချင်တယ်ဆို အဲတာကြောင့် ကိုထွန်းမောင်စုထားတဲ့ ငွေလေးနဲ့ဝယ်လာပေးတာပါ။ ဘာလဲမြခင်က ကိုထွန်းမောင်ပေးတာ မယူချင်လို့လား..."

ကိုထွန်းမောင်ပြောမှ ဟိုတစ်နေ့က ကိုထွန်းမောင်ရှေ့မှာ အဝတ်ချုပ်စက်လေးတစ်လုံး လိုချင်ကြောင်းနှင့် ထိုစက်လေးဖြင့် အဝတ်ချုပ်ပြီး အိမ်ကိုထောက်ပံ့ချင်ကြောင်း ပြောမိခဲ့သည်ကို သတိရသည်။

"အဲဒီလိုမဟုတ်ပါဘူး ကိုထွန်းမောင်ရယ် တစ်မျိုးမထင်ပါနဲ့။ မြခင်က သိချင်လို့မေးကြည့်တာပါ။ မြခင် အဝတ်ချုပ်ခရရင် ဒီစက်တန်ဖိုးကို ဖြည်းဖြည်းချင်း ပြန်ဆပ်ပါ့မယ်..."

"ဆပ်ဖို့မလိုပါဘူး မြခင်ရယ် ကိုထွန်းမောင်က မြခင်ကို လက်ဆောင်ပေးတာပါ..... ရှူး.... မြခင်တကယ်ဆပ်ချင်ရင် တစ်သက်လုံးဆပ်ရမှာနော်..."

မမြခင်က ကြားဖြတ်ဝင်ပြောမည်ပြု၍ ကိုထွန်းမောင်က ဟန့်တားလိုက်ပြီး မမြခင်အနားကိုကပ်ကာ ခပ်တိုးတိုးပြော၍ ပြန်ထွက်သွားလေသည်။ မမြခင်ကတော့ ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းလေးငုံ့လျက် ကျန်ခဲ့သည်။

မမြခင်တစ်ယောက် အဝတ်ချုပ်စက်လေးကို အပေါင်ထားပြီး ပြန်အလာ ငွေထုပ်ကိုပိုက်လျက် ထိုစက်လေးကို ကိုထွန်းမောင်ပေးခဲ့စဉ်က အဖြစ်အပျက်အား ပြန်တွေးနေမိသည်။ မျက်ရည်စတို့သည် ပါးပြင်မှာ စို့ရွှဲလျက်။

"မြခင်ကိုခွင့်လွှတ်ပါ ကိုထွန်းမောင်ရေ။ ရှင့်တုန်းကတော့ ဒီစက်ကလေး မပေါင်ရက်လို့ မပေါင်ရက်လို့နဲ့ အခုတော့ ရှင့်သမီးအတွက် မလွှဲသာတဲ့အခြေအနေမို့ ပေါင်လိုက်ရပြီ ကိုထွန်းမောင်ရေ....မြခင်ကို ခွင့်လွှတ်ပါ ကိုထွန်းမောင်ရယ်....."

မမြခင် စိတ်ထဲမှ ရေရွတ်တောင်းပန်နေမိသည်။ ထို့နောက်မှ သတိပြန်ဝင်ကာ မျက်ရည်များကို သုတ်လျက် ဆေးရုံသို့ အပြေးနှင်လေသည်။ ဟိုရောက်တော့ သမီးဖြစ်သူက ခွဲစိတ်ခန်းသို့ဝင်နေပြီ။ ညီမဖြစ်သူ မလှခင်က အစစအရာရာ အာမခံ ဆောင်ရွက်ထားသည်ဟုဆို၍ မမြခင် စိတ်သက်သာရာရသွားသည်။ သို့ပေမယ့် ခွဲစိတ်မှုမပြီးသေးသဖြင့် စိတ်နှလုံး တုံးတုံးမချနိုင်သေး။ အင်္ဂုလိမာလသုတ်ကိုသာ ညီအစ်မနှစ်ယောက် ပြိုင်တူရေရွတ်နေမိတော့သည်။

**အခန်း(၄)**

ဘာလိုလိုဖြင့် စန္ဒာ့ကလေးတောင် လေးလကျော်ခဲ့လေပြီ။ မမြခင်တစ်ယောက် ကလေးအနီးတွေလျှော်ရင်း မမောနိုင် မပန်းနိုင်ရှာ။ စန္ဒာကတော့ သီချင်းတညည်းညည်းဖြင့် ကလေးကို ပုခက်လွှဲသိပ်နေသည်။

"အော်..အမေသမီးမေ့နေတာ မနက်က အမေရွာထဲသွားတော့ အိမ်ကို လူသုံးယောက်လာသွားတယ်။ ပြီးတော့ ဒါကို ထွန်းမောင်တို့ အိမ်လားတဲ့ ဟုတ်တယ်ဆိုတော့ သူ့ဘဝကို အလင်းဆောင်ပေးခဲ့တဲ့အတွက် ကျေးဇူးလာဆပ်တာတဲ့...."

"ဘယ်သူများပါလိမ့် သမီးရယ်...."

မမြခင်က အနီးတွေလှန်းရင်း မေးလိုက်သည်။

"အဖေဆုံးတုန်းက သူ့ကို မျက်ကြည်လွှာ လှူခဲ့တယ်လို့ပြောတာပဲအမေရဲ့။ ပြီးတော့ ငွေသိန်းငါးဆယ်လည်း ပေးသွားတယ်..."

"သမီးရယ် ဘာလို့လက်ခံထားလိုက်တာလဲ။ ကိုယ်ကဘာမျှော်လင့်ချက်နဲ့မှ လှူခဲ့တာမဟုတ်ဘူးလေ သမီးရဲ့။ ပြန်ပေးလိုက်ရင်ပြီးရော သမီးရယ်...."

"သမီးလည်း ငြင်းပါသေးတယ်အမေရယ်။ သူတို့ကအတင်းပေးသွားတာ။ အို.... ကျွတ်...ကျွတ်... အိပ်ပါသားရယ်..."

စကားသံကြောင့် ကလေးလန့်နိုးလာ၍ စန္ဒာပြန်ချော့သိပ်ရပြန်သည်။

"အင်းပေါ့လေ ...လက်ခံထားပြီးပြီပဲ။ လိုက်ပြန်ပေးရင်လည်း ဘယ်ကောင်းမလဲ။ ဘာပဲပြောပြော အဲဒီငွေနဲ့ပဲ အဝတ်ချုပ်စက်လေးပြန်ရွေးရမှာ။ ပိုတဲ့ငွေကိုတော့ ကိုထွန်းမောင်ကို ရည်စူးပြီး အလှူအတန်း လုပ်ပေးကြတာပေါ့။ အမေတို့သမီးတို့အတွက်ကတော့ ကိုထွန်းမောင်ရဲ့ အဝတ်ချုပ်စက်လေးရှိရင် တစ်ဘဝစာဖူလုံပါပြီ။ တာဝန်ကျေပါတယ် ကိုထွန်းမောင်ရယ်။ ရှင် တာဝန်ကျေပါတယ်... ဟင့်...."

မမြခင်၏စကားအဆုံး သားအမိနှစ်ယောက် ဝမ်းနည်းမျက်ရည်စို့ရပြန်သည်လေ။

တစ်ခါက ကိုထွန်းမောင်စုဆောင်းထားသော ချွေးနဲ့စာလေးနှင့် ဝယ်ပေးခဲ့သည့် အဝတ်ချုပ်စက်လေးသည် ကိုထွန်းမောင်နှင့် မမြခင်တို့ အိမ်ထောင်သက်မက မမြခင်တို့မိသားစုကို အလုပ်ကျွေးပြုခဲ့သည်။ ကိုထွန်းမောင်ဆုံးသွားပြီးနောက်မှာလည်း ထိုစက်လေးကို အပေါင်ခံထားခြင်းဖြင့် သမီးဖြစ်သူ စန္ဒာ၏ အသက်ကိုကယ်တင်နိုင်ခဲ့ပြန်၏။ အဲဒီနောက် အပေါင်ဆုံးလုလုဖြစ်နေသော ထိုစက်လေးအား ကိုထွန်းမောင်ပြုခဲ့သော စေတနာ၏ ရောင်ပြန်မှုကြောင့် ထိုစက်လေးကို ပြန်လည်ရွေးယူနိုင်ခဲ့သည်။ သည်တစ်ခါ ထိုစက်လေးကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းသည် ကိုထွန်းမောင်၏ မျက်ကြည်လွှာနှင့် လဲလှယ်ရခဲ့သည်ဟု ဆိုလျှင် မမှားနိုင်။

သြော်....ကိုထွန်းမောင်၏ မျက်ကြည်လွှာနှင့် အစားထိုးရခဲ့သော စက်လေးသည် မမြခင်နှင့်စန္ဒာတို့ တစ်သက်မက ဆက်လက်ပြီး အထောက်အပံ့ပေါင်းများစွာ ပေးနေဦးမှာပါလားနော်......။

ဆောင်းပါး

# လက်ဦးဆရာ မည်ထိုက်ပါစေ

မောင်လွှား(ပညာရေး)

လူကြီးမိဘတိုင်း ရိုးသားခြင်း၏တန်ဖိုးသည် လူ့ဘဝတွင် အလွန်အဖိုးတန်ကြောင်း သိရှိကြသည်။ ရိုးသားဖြောင့်မတ်သောသူကို မည်သူမဆို၊ မည်သည့်အသင်းအဖွဲ့ကမဆို ချီးကျူးဂုဏ်ပြုကြကြောင်း၊ အလိုရှိကြကြောင်းကိုလည်း သိရှိကြသည့်အလျောက် သားသမီးများကိုလည်း လိမ်ညာမပြောဆိုရန် ဆိုဆုံးမကြသည်။ သို့သော် ထိုသို့သိရှိကြသော လူကြီးမိဘများကိုယ်တိုင်က လိမ်ညာပြောဆိုခြင်းကို ထမင်းစားရေသောက်သလို ပြောဆိုနေကြသည်။ အဆိုးဆုံးကမူ သားသမီးများ၏ ရှေ့မှောက်တွင် လိမ်ညာပြောဆိုရုံသာမက တစ်ခါတစ်ရံ သားသမီးများကိုပါ လိမ်ညာပြောဆိုခိုင်းတတ်ကြသည်။

တစ်ခုသောနေ့က ကျွန်တော့်ဒေါ်လေးဖြစ်သူက သူ့မြေးနှစ်ယောက်ကို "နင်တို့အမေပြန်လာပြီ။ မုန့်တွေပါလာတယ်တဲ့။ နင်တို့အိမ်မှာ မုန့်တွေစားနေတာ သွားသွားမြန်မြန်ပြေး၊ မုန့်တွေ ကုန်သွားလိမ့်မယ်"ဟု ပြောသောအခါ ကလေးနှစ်ယောက်လည်း ပျာယာခတ်ကာ ပြေးသွားလေသည်။ ကျွန်တော်လည်း ဒေါ်လေးဖြစ်သူအား "ဒေါ်လေး သူ့တို့အဖေနဲ့ အမေ လယ်တောကို တစ်နေကုန်အောင် အလုပ်လုပ်သွားတာမလား။ ဒီအချိန် ပြန်မရောက်လောက်သေးပါဘူး"

"အေးဟဲ့ သူတို့ကို ရေချိုးပေးပြီးလို့ နေ့လယ်စာလည်း ထမင်းကျွေးပြီးပြီ။ ပြီးရင် တအားဆော့တော့မှာ၊ တစ်မနက်ခင်းလုံးလည်း မျက်စိရှုပ် နားငြီးပြီးပြီ။ သူတို့အိမ်မှာ သူတို့အစ်မလည်းရှိသားကို။ အဲဒါကြောင့် လိမ်လွှတ်လိုက်တာ"ဟု ပြန်ပြောလေသည်။ ထိုသို့ ဒေါ်လေးဖြစ်သူက ပါးစပ်ဖျားမှ ပြီးပြီးရော၊ နားအေးရင်ပြီးရောဟု လိမ်လိုက်သည်။ ကလေးနှစ်ယောက်မှာ သူတို့အမေကို တွေ့ချင်ဇော၊ မုန့်စားချင်ဇော မျှော်လင့်ချက်ဖြင့် အပြေးအလွှား ထွက်သွားလေသည်။

ထို့ပြင် လူကြီးအများစုသည် ကလေးများအား "ဟိုမှာ သမီးတို့ အမေလာပြီ။ သားတို့အဖေလာပြီ" ဟုဆိုကာ အပျော်သဘော စ,ကာ အမျိုးမျိုးလိမ်လည်ကြသည်။ ကလေးဖြစ်သူက အိမ်အပြင်ဘက်၊ ခြံအပြင်ဘက် ထွက်ကြည့်သောအခါ "ငါပြောတာကြီးကို အဟုတ်မှတ်ပြီး ယုံနေတာ"ဟုဆိုကာ ဟားတိုက်၍ရယ်ကြသည်။ လူကြီးများက ကလေးများကို အပျော်သဘောဖြင့် စနောက်ကြသည်။ "ငါမဟုတ်မမှန်ဘဲ စနောက်ကာ လိမ်ညာပြောဆိုလိုက်ရင် ကလေးစိတ်ထဲ ဘယ်လိုဖြစ်သွားမလဲ"ဟူသော အတွေးကို တွေးတော၍ ဆင်ခြင်သင့်ပါသည်။ ထိုသို့ ကလေးများကို လိမ်ညာပြောဆိုခြင်းသည် တစ်နည်းအားဖြင့် ကလေးများအား လိမ်ညာပြောဆိုတတ်ရန် သင်ကြားပေးခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ပင် လူကြီးမိဘများသည် မိမိတို့၏ နေအိမ်သို့ မိမိ မဝယ်ယူချင်သော ဈေးသည်များလာလျှင် လူကြီးဖြစ်သူက မမြင်ကွယ်ရာတွင်နေ၍ ကလေးဖြစ်သူအား "မေမေ မရှိဘူး။ ဘယ်သွားတာမှန်းလည်း မသိဘူးလို့ ပြောလိုက်နော်သမီး"ဟုဆိုကာ လိမ်ညာပြောဆိုခိုင်းကြသည်။ ထို့အတူ မိဘဖြစ်သူက အလုပ်ပင်ပန်းကာ အိမ်သို့ပြန်ရောက်သည့် အချိန် အနားယူချင်သောအချိန်များတွင် တယ်လီဖုန်းလာလျှင် "အဖေမရှိဘူးလို့ ပြောလိုက်သမီး"ဟုဆိုကာ ကလေးဖြစ်သူအား လိမ်ညာပြောဆိုခိုင်းလေသည်။ ထိုအခါ ကလေးဖြစ်သူ၏စိတ်ထဲတွင် "အဖေတို့ အမေတို့တောင် လိမ်ညာကြသေးတာပဲ။ ငါလိမ်ညာလည်း ဘာမှမဖြစ်ပါဘူး"ဟု တွေးထင်ကာ ကလေးဖြစ်သူက မိဘများအားအတုယူ၍ လိမ်ညာပြောဆိုလာနိုင်သည်။

ထို့ကြောင့် လူကြီးမိဘများသည် အတုမြင်အတတ်သင်သော အချိန်ကာလတွင် သားသမီးများ၏ ရှေ့မှောက်တွင် လိမ်ညာပြောဆိုခြင်းများ၊ သားသမီးများအား လိမ်ညာပြောဆိုခိုင်းခြင်းများကို ရှောင်ရှားရန် အထူးလိုအပ်ပါသည်။

အဘယ်ကြောင့်ဆိုသော် အတုမြင်အတတ်သင်သော အချိန်ကာလတွင် သားသမီးများ နေထိုင်ရာ မိသားစုအသိုက်အဝန်းထဲတွင် လူကြီးမိဘ အစ်ကို၊ အစ်မများက မိမိတို့ကိုယ်တိုင် ရိုးသားဖြောင့်မတ်ခြင်းမရှိ၊ မကောင်းကို အကောင်းလုပ်၍ လိမ်ညာပြောဆိုခြင်း၊ ကတုံးပေါ်ထိပ်ကွက်ခြင်းများ၊ သူတစ်ပါးပစ္စည်းဥစ္စာကို အချောင်လိုချင်စိတ်များ အစရှိသော ကောက်ကျစ်စဉ်းလဲမှုများ ကြီးစိုးနေသော မိသားစုပတ်ဝန်းကျင်တွင် သားသမီးဖြစ်သူအား ရိုးသားဖြောင့်မတ်ရန် ပြောဆိုဆုံးမခြင်းသည် သဲထဲရေသွန်သကဲ့သို့ အရာထင်မည်မဟုတ်ပေ။ ထိုသို့ဖြင့် လူကြီးမိဘ အစ်ကို၊ အစ်မများကိုယ်တိုင်က မကောင်းကို အကောင်းလုပ်၍ လိမ်ညာပြောဆိုခြင်း၊ ကတုံးပေါ် ထိပ်ကွက်ခြင်းများ၊ သူတစ်ပါးပစ္စည်းဥစ္စာကို အချောင်ရယူခြင်းများ မပြုလုပ်ဘဲ သားသမီးများကို လိမ်ညာမပြောဆိုရန်၊ ရိုးသားဖြောင့်မတ်စွာနေထိုင်ရန် ပြောဆိုဆုံးမကြရမည်။ ထိုသို့ပြောဆိုဆုံးမရာတွင် အထိရောက်ဆုံးနည်းမှာ ရိုးသားဖြောင့်မတ်ခြင်းသည် တန်ဖိုးကြီးကာ ကိုယ်စိတ်နှစ်ပါးလုံး၏ချမ်းသာသုခကို ဆောင်နိုင်ကြောင်းနှင့်ပတ်သက်သော ကလေးကဗျာလေးများ ရွတ်ဆိုပြခြင်း၊ သားသမီးများအား ရွတ်ဆိုခိုင်းခြင်း၊ ကဗျာ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းပြခြင်းဖြင့် ပြောဆိုဆုံးမနိုင်သည်။

ထို့ပြင် ရိုးသားဖြောင့်မတ်မှု မရှိသောသူသည် အရာရာတွင် အရေးနိမ့်နိုင်ကြောင်း၊ လိမ်ညာပြောဆိုခြင်းသည် လူမုန်းများကြောင်း၊ ငရဲကြီးကြောင်းနှင့် ပတ်သက်သောပုံပြင်များ၊ ဇာတ်နိပါတ်တော်များကို ရွေးချယ်ပြောဆို၍ ဆုံးမနိုင်ပါသည်။

သည်နေရာတွင် အလျဉ်းသင့်သောကြောင့် ကျွန်တော်ငယ်ရွယ်စဉ်က အဘိုးပြောဆိုဆုံးမခဲ့ဖူးသော လိမ်ညာပြောဆိုခြင်းနှင့် ပတ်သက်သည့် ဘုရားဟော ဇာတ်နိပါတ်တော်လာ ပုံဝတ္ထုတစ်ပုဒ်ကို ဖော်ပြလိုပါသည်။ လွန်လေပြီးသောအခါ ကဿပ ဘုရားလက်ထက်တော်က သောတာပန်ဖြစ်သော ဥပါသကာသည် ဥပါသကာငါးရာတို့နှင့် စိတ်သဘောတူစွာ တံတားခင်းခြင်း၊ ကျောင်းဆောက်လှူခြင်း စသောကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ ထိုငါးရာသောဥပသကာတို့သည် သူတို့၏မယားငါးရာနှင့် လှူဖွယ်ဝတ္ထုများ ယူဆောင်ကာ မကြာမကြာ ကျောင်းသို့သွား၍ တရားနာကြသည်။ တစ်နေ့သောအခါ အရက်သမားတို့သည် ထိုငါးရာသောမိန်းမတို့ကိုမြင်လျှင် တက်မက်ကြသဖြင့် "ဘယ်သူ ထိုမိန်းမတို့၏ အကျင့်သီလကို ဖျက်ဆီးနိုင်သနည်း"ဟု အချင်းချင်းပြောဆိုကြ၏။ တစ်ယောက်သောသူက "ငါဖျက်ဆီးနိုင်၏"ဟု ဆို၏။ ထိုသူတို့သည် အလောင်းအစားပြုလုပ်ပြီး နည်းမျိုးစုံဖြင့် ဖြားယောင်းသွေးဆောင်ကြလေရာ မိန်းမတစ်ဦး သီလပျက်ပြီး အရက်သမားတစ်ယောက်နှင့် ဖောက်ပြန်ကျူးလွန်မိလေတော့သည်။ ထိုအခါ ရှုံးသောအရက်သမားမှတစ်ဆင့် ထိုမိန်းမ၏ လင်ယောကျ်ားကြားလေရာ မိမိမယားအားခေါ်၍ မေးလျှင် မဟုတ်မမှန်ပါဟု လိမ်လည်၍ပြောဆို၏။ လင်ကမယုံသဖြင့် နားရွက်ပြတ်သော ခွေးနက်ကြီးကို ပြလျက် "ဖောက်ပြန်ကျူးလွန်မိပါက နောက်ဘဝတွင် ခွေးနက်ကြီးအစားခံရပါစေ"ဟု ထိုမိန်းမအား ကျိန်ဆိုစေပါသည်။ ကျိန်ဆိုသော်လည်း လင်ကမယုံသေးသဖြင့် အဖော်ဖြစ်သောမိန်းမတို့အား မေးမြန်းရာ ထိုမိန်းမတို့သည်လည်း သိလျက်နှင့် "ကျွန်မတို့ မသိပါ၊ အကယ်၍ ကျွန်မတို့ဟာ ဒီလိုဖြစ်မှုကျူးလွန်တာကို သိပါက ထိုမိန်းမ၏ကျွန်ဖြစ်ပါစေ"ဟု ကျိန်ဆိုကြလေသည်။ ထိုငါးရာသောမိန်းမများ သေလွန်ပြီးသောအခါ လင်ကိုလိမ်လည်သောမိန်းမသည် မုသာဝါဒကံကြောင့် ဟိမဝန္တာတော ကဏ္ဏမုဏ္ဍအိုင်အနီး၌ နတ်ပြိတ္တာမ ဖြစ်လေသည်။ ကျန်သောမိန်းမများသည်လည်း မမှန်သောစကားကျိန်ဆိုမိသောကြောင့် ထိုမိန်းမ၏ ကျွန်များဖြစ်လာကုန်၏။ ထိုမိန်းမများသည် လူ့ဘဝတွင် တရားနာခဲ့ဖူးသောကောင်းမှုကြောင့် နေ့အခါတွင် နတ်စည်းစိမ်ကို ခံစားရကာ မုသာဝါဒကံကို ကျူးလွန်ခဲ့သောကြောင့် ညအခါတွင် ခွေးနက်ကြီး၏ ကိုက်စားခြင်းခံကြရသည်။

ထိုသို့ လိမ်ညာမပြောဆိုရန် ဘုရားဟော ဇာတ်နိပါတ်တော်လာ ပုံဝတ္ထုကို သားသမီးများအား ပြောဆိုဆုံးမခြင်းသည်လည်း သားသမီးများ၏ရင်ထဲသို့ ဘာသာတရားအသိများ ထည့်ပေးခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့သော ပုံပြင်များပြောဆို၍ သားသမီးများအားရိုးသားဖြောင့်မတ်ရန်ပြောဆိုဆုံးမနိုင်သည်။

သို့သော် လူကြီးမိဘအများစုသည် သားသမီးများကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးသွားသောအခါမျိုးတွင် သားသမီးများက အမှန်တိုင်းပြောသော်လည်း ဒေါသတကြီးဆူငေါက်ကြသည်။ ရိုက်ပုတ်ကြသည်။ ထိုအခါ သားသမီးများ၏စိတ်ထဲတွင် အမှန်တိုင်းပြောလည်း အဆူခံရတာပဲ၊ အရိုက်ခံရတာပဲ ဟူသော အတွေးများ ဝင်ရောက်သွားကြသည်။ ထိုသို့ဖြင့် သားသမီးများသည် နောက်နောင် အပြစ်လုပ်မိတိုင်း အမှန်ကိုဖုံးကွယ်၍ လိမ်ညာပြောဆိုလာနိုင်သည်။ ထိုသို့ သားသမီးများကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးသွားသောအခါမျိုးတွင်၊ သားသမီးများ အပြစ်လုပ်မိသောအခါမျိုးတွင် အမှန်တိုင်းပြောဆိုသော သားသမီးများအား ဆူပူအော်ငေါက်ခြင်း၊ ရိုက်ပုတ်ခြင်းများ မပြုလုပ်သင့်ပေ။ နောက်နောင် ထိုကဲ့သို့ မပြုလုပ်ရန် ပြောဆိုဆုံးမကာ မလိမ်ညာဘဲ အမှန်တိုင်းပြောဆိုသောကြောင့် ဝမ်းသာဂုဏ်ယူကြောင်း ချီးကျူးပြောဆိုသင့်ပါသည်။ လိမ်ညာပြောဆိုသော သားသမီးများကိုလည်း မလိမ်ညာဘဲ အမှန်တိုင်း ပြောဆိုလာရန် ချိုသာစွာ ပြောဆိုဆုံးမကြရမည်။

ထိုသို့ဖြင့် မိဘများသည် သားသမီးများ၏ လက်ဦးဆရာများဖြစ်သည့်အလျောက် သားသမီးများအား ရိုးသားဖြောင့်မတ်လာစေရန် စနစ်တကျ ပြုစုပျိုးထောင်ကြရမည်။ အတုမြင်အတတ်သင်သော အချိန်ကာလတွင် သားသမီးများအား "ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့"ဟု ပြောဆိုဆုံးမခြင်းသည်လည်း အရာရောက်မည် မဟုတ်ပေ။ သားသမီးများအား ရိုးသားဖြောင့်မတ်သော လူတော်လူကောင်းများဖြစ်စေလိုလျှင် လူကြီးမိဘများကိုယ်တိုင်က လိမ်ညာပြောဆိုခြင်းမပြုဘဲ ရိုးသားဖြောင့်မတ်စွာ ပြောဆိုနေထိုင်လုပ်ကိုင်ရန် အထူးလိုအပ်ပါသည်။ ထို့ပြင် သားသမီးများကိုလည်း လိမ်ညာမပြောဆိုရန်၊ ရိုးသားဖြောင့်မတ်မှုရှိရန် အလျဉ်းသင့်သည့်အခါတိုင်း ချိုသာစွာပြောဆိုဆုံးမကြရမည်။ သို့မှသာ သားသမီးများသည် ရိုးသားဖြောင့်မတ်သော၊ ရိုးသားမှုကို မြတ်နိုးတန်ဖိုးထားတတ်သော လူ့အဖိုးတန်လေးများ ဖြစ်လာမည်ဖြစ်ကြောင်း မေတ္တာရှေ့ထား၍ အကြံပြုရေးသားလိုက်ပါသည်။ ။

## ဆောင်းဦးအလှ

ရပ်ရှစ်ခွင် မှုန်ပျပျ
မြူထတဲ့ ဒီရာသီ၊
ကောက်ကြီးခေါ် ရွှေရောင်စပါးတို့
လှအားပိုသည်၊
ဘယ်ပန်းချီရေးလို့ ခြယ်သမမီ
ဆောင်းမပီ မိုးကုန်စ။
ငွေနှင်းရည် ပုလဲဥတို့
ယှဉ်လှနေကြ။
မြောက်ပြန်လေ မြူးခုန်ကလို့
ဆေးရောင်ကြွတဲ့ ပန်းချီကားနှယ်၊
နေဝင်ရီ ရိုးမတစ်ကြော
သာလွမ်းမောဖွယ်၊
မီးခိုးတန်းတို့ ရောယှက်သွယ်
တောင်ပတ်လည် မှိုင်းညို့ညို့။
နွားကြန်စုံ လယ်ကန်သင်းဘေး
မေးတင်နေလို့။
ချစ်စရာ ပျိုမေတစ်သင်းတို့
ရေခပ်ဆင်းလို့ တူပျော်ပျော်၊
သဲသောင်ပြင် ကမ်းနံ့ဘေး
တေးတကြော်ကြော်၊
သဘာဝအလှ သရုပ်ပေါ်
ရှုမျှော်ရာ လွမ်းဖွယ်ကောင်း။
ပဲသိမ်းချိန် ကထိန်ပွဲ
တူနွဲ့တဲ့ဆောင်း။ ။

အောင်သွေး(မြစ်သား)

## လူငယ်နှင့်စည်းကမ်း

ငယ်စဉ်ဘဝ ကလေးအရွယ်
အိုးသို့ပမာနှယ်။
ထုဆစ်ပုံရယ် လွဲရင်တော့
လမ်းကြောင်းမှားမည်ပေါ့။
ပြေးလွှားဆော့ကစား သတိဝင်
စည်းကမ်းရှိစေချင်။
ယဉ်ကျေးစွာပင် ပြောဆိုမှု
ချစ်ခင်ကြမည်ပ။
ဆရာမိဘ စကားကို
လိုက်နာကြစေလို။
သတိအပို မမေ့နဲ့
ဆင်ခြင်နေထိုင်ကွဲ့။
ကြိုးစားပါလှည့် ငယ်စဉ်ခါ
လေ့လာသိပညာ။
စည်းကမ်းရှိပါ မောင်မယ်များ
အနာဂတ်ခွန်အား။

ပိုင်ဆု(ပညာရေး)

# စစ်ကိုင်းတိုင်းဒေသကြီး၌ မြန်မာ့သိုင်း ဒိုင်လူကြီး/နည်းပြ သင်တန်းဆင်းပွဲ ကျင်းပ



**မုံရွာ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သိုင်း ဒိုင်လူကြီး/နည်းပြ သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့သိုင်းချစ်မြတ်နိုးသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့သိုင်းအားကစားနည်းသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုနှင့်ယှဉ်တွဲလာသည့် ရိုးရာအမွေအနှစ် ကိုယ်လုံပညာ အားကစားနည်းတစ်ခုဖြစ်ကြောင်း၊ မြန်မာ့သိုင်းပညာကို သင်ကြားခြင်းဖြင့် မိမိကိုယ်ကို ခုခံကာကွယ်နိုင်ပြီး ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်လာ၍ စိတ်ရွှင်လန်းဆန်းကာ ရောဂါဘယများလည်း ကင်းဝေးစေမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများသည် တိုင်းဒေသကြီးမှ အားကိုးအားထားပြုရသော ဒိုင်လူကြီးများ၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်မွေးထုတ်ပေးနိုင်သော နည်းပြဆရာကောင်းများ၊ တိုင်းဒေသကြီးဂုဏ်ကို မြန်မာ့သိုင်းအားကစားဖြင့် မြှင့်တင်နိုင်သူများ ဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က သင်တန်းနည်းပြများထံ ဂုဏ်ပြုငွေ၊ အမှတ်တရလက်ဆောင်များနှင့် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာ့သိုင်း ဗန်တိုလက်နက်မဲ့၊ ဗန်ရှည်တုတ်၊ ဓား၊ ကြိုး သရုပ်ပြသမှုအား ကြည့်ရှုအားပေးသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း**



# ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ဂွတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများတွင် မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံနှင့် DYL ဝက်မွေးမြူရေးခြံတို့ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ စံပြစပါးစိုက်ခင်းတွင် "ခိုက်တိုဇမ်" ရွက်ဖျန်းအားဆေးအသုံးပြု၍ စိုက်ပျိုးထားရှိသည့် စပါးစိုက်ခင်းများကိုလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်းဖွင့်

**ဝေါ နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက အမှာစကား ပြောကြားခဲ့ပြီး မြို့နယ် သမဝါယမဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့က သင်တန်းအထောက်အကူပြုပစ္စည်းများအား သင်တန်းသားများထံသို့ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ၁၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**နိုင်နိုင်ဝင်း(သတင်းစဉ်)**

# ပင်လည်ဘူးမြို့နယ် တယောချောင်းဆည် ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

**ပင်လည်ဘူး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်၊ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံ၊ ကန်များအတွင်း ငါးသယံဇာတများ ပေါကြွယ်ဝလာစေရန်နှင့် ကျေးလက်နေပြည်သူများ ငါးစားသုံးမှုပိုမိုဖူလုံလာစေရန်ရည်ရွယ်၍ မံစီလေးကျေးရွာအနီးရှိ တယောချောင်းဆည် ရေလှောင်တမံအတွင်းသို့ ငါးလုပ်ငန်းဦးစီးဌာန တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းမှ ထုတ်လုပ်သော ငါးမြစ်ချင်းကောင်ရေ ၃၀၀၀၀ အား ကျေးရွာ အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ဆည်ရေတမံအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ လူနာများအား စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၃ ဦးနှင့် အမျိုးသမီး ၇၀ စုစုပေါင်း ၁၄၃ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခုတင်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ

## တစ်ကိုယ်တော်တေးသီချင်းနဲ့ ဘေဘုတ်ရဲ့ နံပါတ်ငါးနေရာကို ရယူနိုင်ခဲ့တဲ့ ဂျင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်ဟာ သူ့ရဲ့တစ်ကိုယ်တော် တေးသီချင်းသစ်နဲ့ ဘေဘုတ်ရဲ့ ခေတ်အစားဆုံး တေးသီချင်းစာရင်းမှာ နံပါတ် ငါးနေရာမှာ ရပ်တည်နေတာ တွေ့ရပါတယ်။ ဒါဟာ အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော် တေးသီချင်းနဲ့ ဘေဘုတ်မှာ နံပါတ်ငါးနေရာကို ဂျင်က ပထမဆုံး ရပ်တည်နိုင်တာ ဖြစ်တယ်လို့ အောကေပေ့ါပ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘေဘုတ်ရဲ့ အသစ်တည်ထောင်ထားတဲ့ တေးဂီတဇယားတစ်ခုဖြစ်တဲ့ Hot Trending Songs Last 24 Hours က ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ ဂျင်ရဲ့ တေးသီချင်း Yours ဟာ နိုဝင်ဘာ ၁၂ ရက်မှာ အဆိုပါတေးဂီတဇယားရဲ့ နံပါတ်ငါးနေရာမှာ ရပ်တည်နေတာ တွေ့ရပါတယ်။



ယင်းတေးသီချင်းဟာ tvN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Jirisan မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ပါ။ အဆိုပါ တေးသီချင်းဟာ နိုဝင်ဘာ ၁၀ ရက်မှာ ဘေဘုတ်ရဲ့ ခေတ်အစားဆုံး တေးသီချင်းစာရင်းမှာ နံပါတ်ကိုးနေရာရရှိခဲ့ပြီး အဲဒီနောက်မှာတော့ နံပါတ်ငါး နေရာအထိ တက်လှမ်းနိုင်ခဲ့တာပါ။

## ဆောင်းဟေကိုထံ လက်ဆောင်ပေးပို့ခဲ့တဲ့ ပါ့ခ်ဟွန်စစ်

တောင်ကိုရီးယားမင်းသား ပါ့ခ်ဟွန်စစ်က သူ့ရဲ့ခင်မင်မှုကို ဖော်ပြတဲ့အနေနဲ့ မင်းသမီး ဆောင်းဟေကိုရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ် Now We Are Breaking Up စတင်ပြသတဲ့နေ့မှာ သူ့ဆီကို အမှတ်တရလက်ဆောင် ပန်းစည်း ပေးပို့ခဲ့ပါတယ်။ ဒီအကြောင်းကို ဆောင်းဟေကိုက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ရင်း ကျေးဇူးတင်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့တာကို တွေ့ရတယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဟေကိုက နိုဝင်ဘာ ၁၂ ရက်မှာ ပါ့ခ်ဟွန်စစ်လက်ဆောင်ပေးပို့ခဲ့တဲ့အကြောင်း ပန်းစည်းနဲ့အတူ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံနဲ့အတူ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာပါ။ အဆိုပါ ဓာတ်ပုံနဲ့အတူ ကျေးဇူးတင်ရှိကြောင်း ရေးသားဖော်ပြခဲ့ကာ ပါ့ခ်ဟွန်စစ်ရဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် Happiness ကိုလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

**အေးပြည့်- စုစည်းသည်**

## MAC အလှကုန်နှင့် ပူးပေါင်းကာ ကိုယ်ပိုင်အမှတ်တံဆိပ်အလှကုန်များ လီဆာမိတ်ဆက်

ကျော်ကြားတဲ့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လီဆာက လတ်တလောမှာ သူ့ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ အလှကုန်သစ်တွေကို မိတ်ဆက်ခဲ့ပါတယ်။ အဆိုပါ အလှကုန်တွေကို လီဆာက ကျော်ကြားတဲ့ အလှကုန်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ MAC နဲ့ ပူးပေါင်းခဲ့ကာ MAC x L လို့ အမည်ပေးထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဒီအကြောင်းနဲ့ ပတ်သက်ပြီး လီဆာက သူ့အနေနဲ့ ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် လုပ်ဆောင်ခွင့်ရခဲ့တာဟာ လက်ရှိအချိန်အထိ အကြီးကျယ်ဆုံးသော ပရောဂျက်တွေထဲက တစ်ခုဖြစ်ပြီး ပရိသတ်တွေကို ဖွင့်ဟပြောပြဖို့ စိတ်လှုပ်ရှားနေမိကြောင်းနဲ့ ဒါဟာ သူ့အတွက် ပထမဆုံးသော မိတ်ကပ်ကော်လရှင်တစ်ခုလည်း ဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ခုမှာ ဖော်ပြခဲ့ပါတယ်။

ယင်းအလှကုန်တွေကို အရေအတွက် အကန့်အသတ်နဲ့ ထုတ်လုပ်ထားတာပါ။ ဒီအလှကုန်တွေဟာ လီဆာအနေနဲ့ သူ့ရဲ့ ပရိသတ်တွေကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီး လှပနေစေဖို့အတွက် ရည်ရွယ်ကြောင်းလည်း သိရပါတယ်။ ■

## အာရှဖလား အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်ချိန် နှစ်လကျော်ရရှိမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်ချိန် နှစ်လကျော်ရရှိမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ပြီးခဲ့သည့် ရက်ပိုင်းက စတင်လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၂၇ ဦးဖြင့် ပြင်ဆင်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၃ ဦးကို အခြေခံကာ ကစားသမားသစ် လေးဦး အားဖြည့်ထားခြင်းဖြစ်သည်။

### ပြင်ဆင်သွားမည်

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်သွားမည်ဖြစ်ပြီး ဒီဇင်ဘာလမှစတင်ကာ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ လုံလောက်သည့် ပြင်ဆင်မှုများရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူငယ်ကစားသမားများပါဝင်နေသဖြင့် ပွဲအတွေ့အကြုံရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ယခုဖွဲ့စည်းထားသည့် မြန်မာအမျိုးသမီးအသင်းတွင် စီနီယာကစားသမားများအပြင် ယူ-၁၉ နှင့် ယူ-၁၆ လူငယ်လက်ရွေးစင်ကစားသမားအများစုပါဝင်နေသဖြင့် အတွေ့အကြုံ လိုအပ်နေခြင်းဖြစ်သည်။

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (C) တွင် ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့်အတူ ပါဝင်နေသည်။

**ကိုညီလေး**

### ✻ နမ္မတူမြို့နယ်မှ

နမ္မတူမြို့နယ် ကြူဆော့ (IDP)စခန်း၊ ကချင် (IDP)စခန်းနှင့် လီဆူ (IDP) စခန်းတို့ရှိ အသက် ၁၈ နှစ်နှင့်အထက် တိုက်ပွဲရှောင်ပြည်သူ ၁၁၇ ဦးအား ပထမအကြိမ် Sinopharm အမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေး ထိုးနှံရန်ကျန်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအားလည်း နောက်ရက်များတွင် ရပ်ကွက်အလိုက် ကာကွယ်ဆေးများ ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နမ္မတူမြို့နယ်၌ ယနေ့တွင် အသက် ၁၈ နှစ်နှင့်အထက် တိုက်ပွဲရှောင်ပြည်သူ ၁၁၇ဦးအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးပြီးပြီဖြစ်သဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၃၉၆၁ ဦးအား ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံနိုင်ခဲ့ပြီး ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၆၃၇ ဦး၊ အခြေခံပညာ အလယ်တန်း/အထက်တန်း ကျောင်းသား ကျောင်းသူ ၈၃၆ ဦး စုစုပေါင်း ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၄၇၃ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ သိရသည်။

**လူမော်(ပြန်/ဆက်)**

### ❍ ကျောဖုံးမှ

အပါအဝင် ချန်ပီယံလိဂ်ဖလားသုံးကြိမ်နဲ့ စပိန်ကိုပါဒယ်ရေးဖလား လေးကြိမ်ကိုလည်း ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါ့ပြင် နောက်တန်းကစားသမား ဒန်နီအဲလ်ဗက်စ်ဟာ ဘာစီလိုနာအသင်းနဲ့အတူ ကမ္ဘာ့ကလပ်အသင်းများဖလားသုံးကြိမ်၊ စပိန်စူပါဖလားသုံးကြိမ်နဲ့ ဥရောပစူပါဖလားလေးကြိမ်တို့ကိုလည်း ရယူပေးနိုင်ခဲ့ပါတယ်။

ဘရာဇီးကြယ်ပွင့် ဒန်နီအဲလ်ဗက်စ်ဟာ ဘာစီလိုနာအသင်းနဲ့အတူ လာမယ့်တစ်ပတ်အတွင်းမှာ လေ့ကျင့်ရေးအစီအစဉ်မှာ ပြန်လည်ပါဝင်လာဖို့ရှိနေပေမယ့် ဇန်နဝါရီလအထိ အသင်းနဲ့အတူ ပါဝင်ကစားနိုင်သေးမှာ မဟုတ်ဘူးလို့လည်း သိရပါတယ်။

နောက်တန်းကစားသမား ဒန်နီအဲလ်ဗက်စ်ဟာ ဘာစီလိုနာအသင်းနဲ့အတူ ဆုဖလားတွေရယူပေးနိုင်ခဲ့သလို ဂျူဗင်တပ်အသင်းနဲ့အတူ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက အီတလီစီးရီးအေဖလားရယူပေးနိုင်ခဲ့ပြီး ပီအက်စ်ဂျီအသင်းနဲ့အတူ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွေမှာ ပြင်သစ်ပထမတန်းဆုဖလား နှစ်ကြိမ်ရယူဆွတ်ခူးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

နောက်တန်းကစားသမား ဒန်နီအဲလ်ဗက်စ်ဟာ ၂၀၁၉ ခုနှစ်အတွင်းမှာ ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လစာပေးချေမှုနဲ့ ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပေါ်ခဲ့ပြီးနောက် ဆော်ပေါ်လိုအသင်းနဲ့လမ်းခွဲခဲ့ကာ လက်ရှိမှာ အသင်းလက်မဲ့ဖြစ်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ အမှတ်(၁၁/၁၃)မြေပေါ်တွင် ဆောက်လုပ်ထားသော(၆)ထပ်+Basement ကွန်ဒိုအဆောက်အဦရှိ အထပ်(ဆဋ္ဌမထပ်)၊ ဧရိယာ(၁၅၁၅)စတုရန်းပေအကျယ်ရှိ အခန်းအမှတ်(၆၀၉)ဟုခေါ်တွင်သည့်တိုက်ခန်းနှင့် သတ်မှတ်မော်တော်ယာဉ် တစ်စီးရပ်နားရန် ကားပါကင်နေရာအပါအဝင်တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူဦးမျိုးမင်းလတ်[၁၃/လရန(နိုင်)၀၀၄၉၅၉](LC-525)(PROSPER Company Limited)ကိုယ်တိုင်ဆောက်လုပ်ပိုင်ဆိုင်သည့် အဆင့်မြင့်ကွန်ဒို အဆောက်အဦရှိ အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏အမှုသည်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်းတိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများ နှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာသိမ့်** — **အထက်တန်းရှေ့နေ(စဉ်-၅၃၅၅၉)**

**ဒေါ်နန်းခမ်းဦး** — **အထက်တန်းရှေ့နေ (စဉ်-၅၃၉၆၀)**

**အမှတ်(၂၈၂/ခ)၊ ဒုတိယထပ်၊ ရေကူးရှာမလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၇၄၈၀၀၄၇၃၊ ၀၉-၄၃၁၇၄၀၄၀**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ စက်မှုဇုန်(၂)၊ ရော၀တီလမ်း၊ မြေကွက်အမှတ်(၇၅၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ မြေအကျယ်အဝန်း(၂၆၄၀စတုရန်းပေ)၊ ဦးလှဝင်း[၁၂/ဥကတ(နိုင်)၀၉၃၄၇၇]အမည်ပေါက်နှစ်(၆၀)၊ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံလက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်အေးသိန်း[၁၂/ဥကတ(နိုင်)၀၉၃၄၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကြည်ပြာစမ်း(LL.B, DL 101-WIPO Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၆၃)**

**အမှတ်(၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၀၄၂၁၃၄၊ ၀၉-၇၉၇၇၇၄၂၄၈**

## ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်ပြီး အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ (၄)ရပ်ကွက်၊ (၈)လွှာ၊ အမှတ်(၅၃၂/၅၄၂-ဘီ) နေ ဦးသိန်းဦး[၁၂/ဒဂတ(နိုင်)၀၂၃၃၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အပ်ချုပ်စက်အမျိုးမျိုး၊ ခေါက်စက်၊ ပန်းထိုးစက်နှင့် ကြယ်သီးဖောက်စက်တို့ ထုတ်လုပ်ရာတွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုမည့်တံဆိပ်အမည်အမှတ်အသားအား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၁၀၃၅၉/၂၀၁၇)၊ (၄၆၇၁/၂၀၁၈)၊ (၄၆၇၂/၂၀၁၈)တို့ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

| တံဆိပ်အမည်အမှတ်အသား | တံဆိပ်အမည်အမှတ်အသား | တံဆိပ်အမည်အမှတ်အသား |
|---|---|---|
| SOLEX | RUNNER SEWING MACHINE | SINCE 1988 ORIGINAL RMI |
| မှတ်ပုံတင်အမှတ်- (၁၀၃၅၉/၂၀၁၇) | မှတ်ပုံတင်အမှတ်- (၄၆၇၁/၂၀၁၈) | မှတ်ပုံတင်အမှတ်- (၄၆၇၂/၂၀၁၈) |

ဖော်ပြပါ "SOLEX", "RUNNER SEWING MACHINE", "SINCE 1988,ORIGINAL RMI"တို့ အမည်ဖြင့် အပ်ချုပ်စက်အမျိုးမျိုး၊ ခေါက်စက်၊ ပန်းထိုးစက်နှင့် ကြယ်သီးဖောက်စက်တို့တွင် ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ထုပ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူအိတ်၊ စက္ကူရွက်၊ စက္ကူပတ်၊ ကတ်ဘူး၊ လက်ဆွဲအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်းစသည်တို့ပေါ်တွင် အဆိုပါ တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပြုလုပ်ပြီး ဆိုင်းဘုတ်၊ ဘလောက်၊ ဗီနိုင်းကြော်ငြာ၊ ရုပ်ရှင်ကြော်ငြာ၊ တီဗီကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာ၊ အင်တာနက်၊ ဝက်ဘ်ဆိုဒ်၊ အီးမေးလ်၊ စာစောင်ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး စသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိပါက မိမိတို့လုပ်ငန်း အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများတောင်းခံသွားနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုအရေးယူကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ**
**LL.B,D.B.L,D.I.L,IDCS**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**အမှတ်(၆)၊ ငါးမာရ်အောင်ဘုရားလမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၂၁၀)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်အနက်မှ (မျက်နှာမူလျှင်ဘယ်)၊ မြေညီထပ်၊ အကျယ်အဝန်းပေ(၁၂ ½ x၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးစံရှိန်၊ ဒေါ်စိန်ဝင်းတို့က (၁၉၆၄) ခုနှစ်ကပင် အပြောက်စနစ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်နေထိုင်ခဲ့သည့် နေအိမ်တိုက်ခန်းဖြစ်ပါသည်။

အဆိုပါ မိဘများကွယ်လွန်ပြီးနောက် သက်ရှိထင်ရှားကျန်ရစ်သူ သားသမီးများ ဒေါ်ဝါဝါရှိန်၊ ဦးဘိုဘိုရှိန်၊ ချွေးမများ ဒေါ်မူမူ၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ကြည်ကြည်ညွန့်၊ မြေးတို့၏ ပါဝါရသူ ဒေါ်ခင်ဆွေဆွေဦးတို့က အမွေဆက်ခံပိုင်ဆိုင် လက်ရောက်ရရှိနေထိုင်ပိုင်ဆိုင်လာခဲ့ပြီး မြေပိုင်ရှင် အဆက်ဆက်အား အိမ်လခ(မြေငှားရမ်းခ)တို့ကို ပေးချေနေထိုင် ပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပါသည်။

သို့ပါ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ တိုက်ခန်းအား အကျိုးခံစားခွင့် လွှဲပြောင်းရောင်းချပိုင်ခွင့်၊ ပိုင်ရေးပိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခွင့်မရှိကြောင်း အထက်ပါ အမွေဆက်ခံသူများသာ နေအိမ်တိုက်ခန်းပိုင်ရှင်များ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ပေးသူများ**
**ဒေါ်ဝါဝါရှိန်၊ ဦးဘိုဘိုရှိန်**

**လွှဲအပ်ချက်အရ-**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၇၉၂/၂၀၁၃)**
**ဒေါ်နီနီဝင်း (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၁၇၁၈/၂၀၁၉)**
**အမှတ်(၈၈)၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၈၆၀၅**

## ဦးစံရွှေနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၂၀၃၊ မြေဧရိယာ(၀.၀၅၅)ဧက၊ (အကျယ်အဝန်း၄၀'x၆၀') ရှိ နှစ်(၆၀)မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂/၂၀၃၊ မင်းရဲကျော်စွာ (၇)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံတို့သည် **ဦးစံရွှေနှင့်ဒေါ်စန်းစန်းတို့ လင်မယားနှစ်ဦး ပိုင်ဆိုင်သည့်ပစ္စည်းဖြစ်၍** ဇနီးဖြစ်သူ ဒေါ်စန်းစန်း၏ သဘောတူခွင့်ပြုချက်မရဘဲ မြေကွက်ကိုခွဲစိတ်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းတို့ မပြုပါရန်နှင့် ပြုလုပ်ခဲ့ပါက ဦးစံရွှေနှင့် လက်ခံသူများအပေါ် တရားဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း ဇနီး ဒေါ်စန်းစန်း၏ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းသက်ကြိုင်(LL.B,DBL)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၅၈)**
**အမှတ်-၁၄၂/၁၄၄၊ ၃-လွှာ၊ လမ်း-၄၀(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၆၆၁၅၃**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-၁/တိုးချဲ့၊ မြေကွက်အမှတ်(၂၄၈)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၄၈)၊ ဓမ္မာရုံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအေးသောင်[၁၂/လသယ(နိုင်)၀၁၃၄၀၉]အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူ ဦးမျိုးနိုင်[၁၂/တကန(နိုင်)၁၂၆၆၅၉]မှ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ပြီး ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော် (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၇/၃-ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ အပိုင်း(၃)၊ ခရေ(၄)လမ်း၊ အမှတ်(၈၃/၁) ဟုခေါ်တွင်သောမြေနှင့် (၃)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၇/၃၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ် -၈၃/၁၊ ဧရိယာ(၀.၀၉၇)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားစာချုပ်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ယဉ်ယဉ်နွယ်[၁၂/လသန(နိုင်)၀၁၉၂၆၃]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅-ရပ်ကွက်၊ ဝါရောင်လမ်း၊ အမှတ်(၂၇၃)ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၂၇၃၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးချစ်ခင် (PAG-၁၁၂၂၁၃) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ခင်ပွန်းဖြစ်သူ ဦးချစ်ခင် ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရရှိသူ ဒေါ်မြစိန်[၁၂/မရက(နိုင်)၀၇၉၀၁၀]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ လက်ပန်ကျိုးကျေးရွာနေ ဦးသိန်းဝင်း-ဒေါ်ခင်ညိုစန်းတို့၏ သားဖြစ်သူ မောင်ဇော်နိုင်ဦး [၁၂/သခန(နိုင်)၁၅၂၆၈၉]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသိန်းဝင်း [၁၂/သခန(နိုင်)၀၁၂၉၈၅]- ဒေါ်ခင်ညိုစန်း[၁၂/သခန(နိုင်)၀၁၂၃၇၇]**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈-ရပ်ကွက်၊ အောင်သီရိ(၂)လမ်း၊ အမှတ်(၈၆၂)ဟုခေါ်တွင်သောမြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၈၆၂၊ ဧရိယာ(၀.၀၅၆)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်ပေါ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးကျော်ညွန့် (AG-၁၀၂၄၈၇)အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ် စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်နှင်းလဲ့ရည်ဇော်[၁၂/လမန(နိုင်)၁၃၆၀၇၈]က မိမိတစ်ဦးတည်းဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃)**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တမူးခရိုင်မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆လ) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်းမျိုးစုံနှင့် ဒီဇယ်ဆီများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ပုံစံစတင်ရောင်းချမည့် ရက်/အချိန် | - | ၂၂-၁၁-၂၀၂၁ရက်၊ ၉:၃၀နာရီ |
| (ခ) | တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် ရက်/အချိန် | - | ၃-၁၂-၂၀၂၁ရက်၊ ၁၆:၀၀နာရီ |
| (ဂ) | တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ | - | ၁၃-၁၂-၂၀၂၁ရက်၊ ၁၀:၀၀နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တမူးမြို့။ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တမူးမြို့(ဖုန်း-၀၇၃-၄၀၀၀၈/ ၀၇၃-၄၀၆၆၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၀)လမ်း၊ မြေကွက်အမှတ်(ဒီ-၁၄)၊ အကျယ်အဝန်း(၂၀´× ၆၀´) အကျယ်ရှိ အိမ်ယာမြေ အမျိုးအစားမြေကွက်နှင့်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးထွန်းကြည်အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးသီတာခိုင် (၁၂/လမတ(နိုင်) ၀၀၁၃၅၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၅ ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)
အမှတ် (၁၆/၁)၊ ရန်ကုန်လမ်း၊ (၆/၉) ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀၀၅၈၅၅၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ


ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အရွဲကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၄၉၊ အမြောင်းကွင်း)၊ ဦးပိုင်အမှတ်(၈၇/၂)၊ ဧရိယာ (၂.၆၄)ဧကရှိမြေအား ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ(၁)လမ်း၊ သီရိမင်္ဂလာဈေးသစ်ရှေ့၊ Q-2 နေ ဦးလူမော်မြင့်မောင်[၁၂/မဂတ(နိုင်)၀၀၀၆၅၁]မှ စက်မှု/စီးပွား မြေငှားဂရန်အသစ်ရရှိရေးအတွက် လယ(၃၀)ခွင့်ပြုမိန့်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ စက်မှု/စီးပွား မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် FMI-7၊ မြေကွက်အမှတ် ၄၅၂၊ ဧရိယာ(၀.၁၄၉)ဧက၊ မြေကွက်တည်နေရာအမှတ် (၀.၁၆၁)၊ ယမင်းရွှေဝါလမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ဒေါ်တင်မြင့် [၁၂/ဗဟန(နိုင်)၀၄၇၃၉၇] အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်မြင့် (မိခင်) ၂၃-၉-၂၀၂၀ ရက် ကွယ်လွန်၊ အမည်ပေါက်၏ ခင်ပွန်းဖြစ်သူ ဦးမောင်လေး (ဖခင်) ၂၀-၂-၁၉၉၆ ရက် ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ ဦးသိန်းလွင် [၇/တငန(နိုင်)၀၉၀၀၄၄]၊ ၂။ ဦးမြမော်[၁၂/ကတတ(နိုင်)၀၀၆၀၂၁]၊ ၃။ ဦးမြသော်[၁၂/တမန(နိုင်)၀၁၃၄၈၃]၊ ၄။ ဦးဌေးမော်[၁၂/လမန(နိုင်)၀၂၇၉၆၅]၊ ၅။ ဦးဝင်းလွင်[၁၂/ပဘတ(နိုင်)၀၁၃၉၁၇]၊ ၆။ ဒေါ်ခင်ချိုလေး [၁၂/ဗတထ(နိုင်)၀၁၀၉၈၆]၊ ၇။ ဒေါ်ခင်ညိုလေး[၁၂/ဗဟန(နိုင်)၀၄၆၉၁၂]၊ ၈။ ဦးတင့်လွင် [၁၂/ဗဟန(နိုင်) ၀၄၆၇၃၄]၊ ၉။ ဦးကိုကိုနိုင်[၁၂/ဗဟန(နိုင်)၀၅၆၃၃၇]တို့၏ ကိုယ်စား GP/ လွှဲစာအမှတ် -၃၉၂၆/၂၁ နှင့် ၃၉၂၇/၂၁ (၁၇-၆-၂၁) အရ ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးကိုကိုနိုင် [၁၂/ဗဟန(နိုင်)၀၅၆၃၃၇] မှ ၎င်းကိုယ်တိုင်နှင့် ကျန်မောင်နှမ (၈)ဦးတို့၏ သားသမီးအရင်းများဖြစ်ကြောင်း နှင့် အမွေစား အမွေခံ ကိတ္တိမ မွေးစားသားတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ GP လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးအပ်သူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းထားခြင်းမရှိသေးကြောင်း တရားရုံးကျမ်းကျိန်လွှာနှင့် နှစ်(၆၀)မြေငှားဂရန်မူရင်း၊ မြေစာရင်းမှတ်ချက်ရှိ (၂၀၁၀) ခုနှစ်တွင် အမည်ပေါက် (မိခင်) မှ မေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်ရန် မြေပုံလျှောက်ထားခဲ့ခြင်းနှင့် စပ်လျဉ်း၍ ၎င်းမြေပုံမြေရာဇဝင်ကိုလုံးဝအသုံးပြုခဲ့ခြင်းမရှိဘဲ မိခင်ကြီးမှ သိမ်းထားစဉ် အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားကြောင်းနှင့် အဆိုပါမြေပုံကို ရှာဖွေတွေ့ရှိခြင်းမရှိ၍ တင်ပြနိုင်ခြင်းမရှိကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာတို့အားတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်း(၄)လမ်း၊ အမှတ်(၄၃/ခ)နေ (ဘ)ဦးမြင့်လှိုင်၏သမီး ဒေါ်မို့မို့မြင့်မော်[၁၂/ဗတထ(နိုင်)၀၃၆၃၉၃]နှင့်(ဘ)ဦးကျော်ရှိန်၏သမီး ဒေါက်တာခိုင်လဲ့သျှံ[၁၂/သလန(နိုင်)၁၁၅၉၉၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်အမည်-၂၃၊ ရုံးတော်ကွက်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၈/၄၁, C22 မြို့မြေ၊ ဒေါက်တာခက်နိုင်၊ ဒေါက်တာသန္တာဦးအမည်ပေါက်၊ ဧရိယာ(၀.၀၈၂)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်နေအိမ်နှင့် ရေမော်တာ၊ မီတာအပါအဝင် သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ပြုရန် ကမ်းလှမ်းပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှလည်း သဘောတူပါသောကြောင့် အရောင်းအဝယ်၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ခဲ့ပါသည်။ အထက်ပါကိစ္စနှင့် ပတ်သက်၍ မကျေနပ်ခြင်း၊ သဘောတူညီမှုမရှိခြင်း ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံသည့် စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်နှင့်ပတ်သက်သည့်ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုလင်း**
**(LL.B,H.G.P,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၁၁)**
**LAW-FIRM**
**ဆက်သွယ်ရန်လိပ်စာ၊ ရုံးခန်းတာဝန်ခံ**
**ဦးဟာဆန်(LL.B,Dip In P.P)Legal Advicer & Consultant**
**အမှတ်(၁၆)၊ ပန်းတိမ်တန်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၆၂၄၀၊ ၀၉-၄၄၃၂၁၁၅၉၁၊ ၀၉-၇၈၆၂၃၂၃၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၈၀၄/ခ)တွင် နေထိုင်သူ ဒေါ်နှင်းမိုးလှိုင်(ခ)နှင်းမြိုးလှိုင်[၁၂/လသယ(နိုင်) ၀၄၄၃၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းမိုးလှိုင်(ခ)နှင်းမြိုးလှိုင် ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်အရှေ့ရွာအုပ်စု၊ ပင်လိန်အရှေ့ရွာရှိ မြေ(၂)ဧကကျော် မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချရန် ကမ်းလှမ်းထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မရောင်းချမီ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းသက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၅၂)**
**အမှတ်(၂/၂၇၅/ခ)၊ မင်းရဲကျော်စွာလမ်း၊ (၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၀၇၇၁၁၄**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ်-၄၂(B) တွင်တည်ရှိသော BELLAGIO COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၀၉၃၃၁၅၂)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

**စာချုပ်အမှတ်-၃၇၈၁/၂၀၂၁ (နေ့စွဲ ၂၉-၁၀-၂၀၂၁)**

အထက်ဖော်ပြပါအမှတ်တံဆိပ်အား အာလူးကြော်အမျိုးမျိုး၊ အဆာပြေမုန့်အမျိုးမျိုး၊ အသင့်စား စားသောက်ကုန်အမျိုးမျိုး၊ အကြော်စုံအမျိုးမျိုးတို့အားထုတ်လုပ်၍ Online System မှဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူထုတ်လုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန်သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲခဲ့မည် ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**BELLAGIO COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၀၉၃၃၁၅၂)၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B, D.B.L, D.M.L) ဒေါ်ဇင်မာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)**
**The Solution Power Law Firm-အမှတ်(၃၃)၊ မြေညီထပ်၊ (၁၆)ရပ်ကွက်၊**
**အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂**

## သစ်တော နဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ (၁၁/၁၄)ရပ်ကွက်၊ ပိတောက်(၃)လမ်း၊ အမှတ်(၄၃၈)နေ ဦးဇော်မျိုးလတ် (ခ)ဖိုးလပြည့်-ဒေါ်စိန်စိန်ရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေတို့၏သားဖြစ်သူ မောင်အေးမင်းဇော်[၁၂/ဒလန(နိုင်)၀၈၇၃၉၁]သည် မိဘ၏ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်း၏သဘောဆန္ဒအလျောက်နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဝင်း [LL.B,WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၆၅)**
**အမှတ်(၂)၊ ဦးရင်မောင်လမ်း၊ (၆)နံပါတ်ရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## အစ္စလာမ်တရားတော်နှင့်အညီ သွလာက်ပေး၍ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လမ်း(၁၄၀)၊ အမှတ်(၄၁)နေ ကျွန်တော် ဦးထင်လင်းကျော်(ခ) မိုဟမ္မဒ်အာစစ်(ဖ်) (ဘ)ဦးကျော်မြင့်[၁၂/တမန(နိုင်)၁၀၆၉၇၈]သည် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၄၉)လမ်းအောက်၊ အမှတ်(၂၀/၁၈)နေ ဒေါ်သက်မွန်(ခ)ဇာကေရာဟ်ဘီ(ဘ)ဦးဌေးအောင် အား (၂၂-၂-၂၀၁၉)ရက်တွင် သွလာက်ပေးခဲ့သည့်အပြင် ၎င်းရရှိမည့်ပစ္စည်းများကို (၇-၄-၂၀၁၉)ရက်တွင် အသိသက်သေများ ရှေ့အပ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော် ဦးထင်လင်းကျော်(ခ)မိုဟမ္မဒ်အာစစ်(ဖ်)သည် ဒေါ်သက်မွန်(ခ)ဇာကေရာဟ်ဘီအား သွလာက်ပေး၍ ကွာရှင်းပြီးဖြစ်သည့်အတွက် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးအကြား စီးပွားရေး၊ လူမှုရေး၊ ပစ္စည်းပိုင်ဆိုင်မှုများလုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထင်လင်းကျော်(ခ)မိုဟမ္မဒ်အာစစ်(ဖ်)** | **ဒေါ်ရှိစလင်း** |
| **[၁၂/တမန(နိုင်)၁၀၆၉၇၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၈၅)** |

**အမှတ်(၅၅)၊ ပထမထပ်၊ အခန်း(၂၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၃၁၁၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Condo ကြယ်စင်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (B-4)၊ ၆-လွှာ အခန်း(၆၂၂) ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမင်းမင်း [၁၄/လမန(နိုင်)၀၇၈၆၉၇]နှင့် ဒေါ်နန်းမေဘယ်(လ်)ချစ်ထွန်း [၁၂/ရပသ(နိုင်)၀၀၇၂၂၈]တို့ထံမှ ကျွန်မ ဒေါ်ဟန်သီစုကြည် [၁၂/ဥကတ(နိုင်)၁၈၁၁၅၉]သည် အပြီးပြတ်ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မ ဒေါ်ဟန်သီစုကြည်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟန်သီစုကြည်**
**ဖုန်း-၀၉-၄၂၅၃၀၈၈၃၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ အမှတ်-၁၄၅(က)နေ ဦးကျော်လွင်[၁၂/သကတ(နိုင်)၀၀၉၅၁၈]နှင့် ဒေါ်ငွေးငွေး [၁၂/သကတ(နိုင်)၀၁၁၇၃၃]တို့၏သမီး မခိုင်ရွှေစင် [၁၂/သကတ(နိုင်)၁၉၈၂၅၄] သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်လွင်-ဒေါ်ငွေးငွေး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးဘူနိုင်း [၅/စကန(နိုင်)၀၃၇၃၃၂]-ဒေါ်ခင်ငွေ [၅/စကန(နိုင်)၀၃၇၃၃၃]တို့၏ သား မောင်ဆလိုင်းနိုင်းထန်း [၅/မရန(နိုင်)၂၄၉၉၉၄]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘူနိုင်း-ဒေါ်ခင်ငွေ**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခဝဲခြံ (၂)ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ်(၁၂/က)တွင် နေထိုင်သော ဦးစောပိုင်သဲဦး(ဘ) ဦးသော်တာမွန်း[၁၂/မရက(နိုင်)၁၄၂၅၇၇]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

**စာချုပ်အမှတ်-၁၆၅၂/၂၀၂၁ (နေ့စွဲ ၂၂-၁၀-၂၀၂၁)**

အထက်ဖော်ပြပါအမှတ်တံဆိပ်အား အစားအစာအမျိုးမျိုးနှင့်တွဲဖက်စားသုံးနိုင်သည့် ခရမ်းချဉ်သီးဆော့စ်အမျိုးမျိုး၊ ငရုတ်ဆော့စ်အမျိုးမျိုး၊ ပင်လယ်စာဆော့စ်အမျိုးမျိုး၊ ဟင်းချက်အနှစ် အမျိုးမျိုးစသည့် စားသောက်ကုန်ဆော့စ်အမျိုးမျိုးတို့အား ထုတ်လုပ်၍ Online System မှဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အားမည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူထုတ်လုပ်ခြင်း၊ တစ်နည်းနည်းဖြင့်အသုံး ပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန်သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲခဲ့ မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီတရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစောပိုင်သဲဦး[၁၂/မရက(နိုင်)၁၄၂၅၇၇]၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B, D.B.L,D.I.L,D.M.L) ဒေါ်ဇင်မာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)**
**The Solution Power Law Firm-အမှတ်(၃၃)၊ မြေညီထပ်၊ (၁၆)ရပ်ကွက်၊**
**အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂**

## ဥတုရာသီ တောကိုမှီ၏

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်(၂၄)လမ်း၊ တိုက်အမှတ်(၃၈၇/ခ)၊ ဟုခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏(တတိယထပ်)(၄)လွှာ၊ အကျယ်အဝန်း ပေ(၁၈x၅၄)ခန့်ရှိ RC တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမြင့်အောင်[၁၁/သတန(နိုင်)၀၅၇၀၁၅]နှင့် ဒေါ်မြတ်သက်မောင်[၁၂/စခန(နိုင်)၀၅၀၂၂၇]တို့ထံမှ ဒေါ်မေစုမောင်[၇/တငန(နိုင်)၁၆၉၉၉၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ-**

| ဒေါ်ဆွေဆွေ | ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဦးအောင်ဇော်မိုး |
|---|---|---|---|
| (စဉ်-၃၀၀၃) | (စဉ်-၆၉၆၃) | (စဉ်-၁၅၂၆၀) | (စဉ်-၁၆၃၅၆) |

**zaluckpwintlawfirm@gmail.com Ph-09-5018076**
**အမှတ်(၁၁၉၄)၊ ပင်လုံလမ်းမ၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/က)ရပ်ကွက်၊ ခွာညိုလမ်း၊ မြေကွက်အမှတ် (၂၀၆/ခ)၊ ဦးကျော်မြင့် အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်ပိုင်ဆိုင်မှု အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမြင့်အေး[၁၂/ဒဂတ(နိုင်)၀၁၈၂၂၉]ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်သူ[၁၂/တမန(နိုင်)၀၉၂၄၃၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်ထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ–**
**ဦးအောင်ကျော်သူ**

**ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သူဇာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၆၀)(၈–၁–၂၀၂၀)**
**အမှတ်(၈၅၄)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ မြေကွက်အမှတ် (၃၀၄/ခ)၊ ပထမထပ်နေ ဒေါ်မြမြငွေ[၁၂/ဥကမ(နိုင်)၀၁၄၇၇၇]၏သားလတ်ဖြစ်သူ–ဦးမင်းနောင်ခိုင် [၁၂/ဥကမ(နိုင်)၂၁၈၃၀၂] သည် မိခင်ဖြစ်သူ၏ အကြိမ်ကြိမ်ဆိုဆုံးမသည်ကို နာခံခြင်းမရှိပါသဖြင့် မိခင်ဖြစ်သူသည် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတို့ကို ကြီးစွာခံစားနေရပါသည်။ သို့ဖြစ်ပါ၍ သားဖြစ်သူ– ဦးမင်းနောင်ခိုင်အား အပြီးတိုင်စွန့်လွှတ်ပါကြောင်းနှင့် သားဖြစ်သူ–ဦးမင်းနောင်ခိုင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝတို့ကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ နောက်နောင်တွင် မည်သို့မျှ သက်ဆိုင်ခြင်း(လုံးဝ)မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ–**
**(မိခင်)**
**ဒေါ်မြမြငွေ**

**ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၆၄၆၀) (၈–၁–၂၀၂၀)**
**အမှတ်(၈၅၄)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၆လမ်း၊ အမှတ်(၁၂၃)နေ ဒေါ်သောင်းညွန့်[၁၂/အစန(နိုင်)၀၃၈၆၂၆]၏ သားဖြစ်သူ မောင်ကျော်ကျော်အောင်[၁၂/အစန(နိုင်)၁၆၀၂၆၁]သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ဆောင်ရွက်နေသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံး၀(လုံး၀)တာဝန်မယူ၊ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သောင်းညွန့်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ (၆)နံပါတ်ရပ်ကွက်၊ ဦးရင်မောင်လမ်းမကြီး၊ အမှတ်(၀၂၀)နေ ဦးအေးသွင်–ဒေါ်လှလှရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေတို့၏သားဖြစ်သူ မောင်သူရပြည့်ဖြိုးအောင်(ခ) ကိုပြည့်[၁၂/ဒလန(နိုင်)၀၈၇၂၅၆]သည် မိဘ၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာဝင်း [LL.B,WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၆၅)**
**အမှတ်(၂)၊ ဦးရင်မောင်လမ်း၊ (၆)နံပါတ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ (၁၁/၁၄)ရပ်ကွက်၊ (၉)နံပါတ်ကမ်းနားလမ်း၊ အမှတ်(၁၃၁၇)နေ ဦးဟန်ဦး–ဒေါ်စိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေတို့၏သားဖြစ်သူ မောင်သီဟသော်[၁၂/ဒလန(နိုင်)၀၈၇၃၃၄]သည် မိဘ၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာဝင်း[LL.B,WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၆၅)**
**အမှတ်(၂)၊ ဦးရင်မောင်လမ်း၊ (၆)နံပါတ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## ပြင်ဆင်သတ်မှတ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၂၁–၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်အတွက် တင်ဒါအမှတ်စဉ်(၁/၂၀၂၁)၊ ပစ္စည်းနှင့် တည်ဆောက်ခြင်း တင်ဒါပုံစံစတင်ရောင်းချမည့်ရက် (၂၅–၁၁–၂၀၂၁ရက်မှ ၃၀–၁၁–၂၀၂၁ရက်အထိ) အစား (၁၅–၁၁–၂၀၂၁ ရက်မှ ၂၁–၁၁–၂၀၂၁ ရက်အထိ) ပြင်ဆင်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရေဝတီလမ်း၊ အမှတ်(၆၉)ဟုခေါ်တွင်သည့် အကျယ်အဝန်းပေ(၂၅x၅၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆ထပ်)တိုက် အဆောက်အဦရှိ အကျယ်အဝန်း ပေ(၁၂x၅၀)ရှိသော ပထမထပ်(ခေါင်းရင်းခန်း)ရေမီးစုံ တိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ရှိထားသူ ဒေါ်သန်းသန်းမြင့်[၁၂/သလန(နိုင်)၀၀၆၃၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူ ဒေါ်သန်းသန်းမြင့်ထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို တရားဝင်သည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်လင်းအိနိုင်ဇင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၅၄)**
**ဖုန်း–၀၉–၄၂၁၁၅၃၇၂၃**

**ဒေါ်ကျော့သဉ္ဇာမြင့်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၆၃၄)**
**ဖုန်း–၀၉–၇၆၅၁၈၁၄၅၁**

**အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်း(၁၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–အောင်ချမ်းသာတိုးချဲ့ အဆင့်(၁–ခ)၊ မြေကွက်အမှတ်(၉)၊ အကျယ်အဝန်း (၈၂'၃"x(၆၈'/၆၇'၉"))၊ (၅၅၈၃)စတုရန်းပေ၊ (၀.၁၂၈)ဧကရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် RC နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်လှိုင်(ခ)ဦးရန်ကျော်နိုင်[၁၂/သဃက(ပြု)၀၀၀၀၃၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်ဦး[LL.B,LL.M,MRes(Law),D.B.L]**
**အထက်တန်းရှေ့နေ(စဉ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂
### ရွှေပြည်သာမြို့နယ်တရားရုံးတော်
### ၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀နှင့် ဆက်သွယ်သည့် ၂၀၂၁ခုနှစ်၊ တရားမဇာရီမှုအမှတ်–၈

ဒေါ်ဖြိုးအိစံ(ခ)ဒေါ်ဆွေဆွေဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ရွှေရည်ဝင်းကို) **ဒီကရီအနိုင်ရသူ** နှင့် ဦးအောင်ကျော်မြင့် **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၂)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၁၉/၇၃/က)နေ ဦးအောင်ကျော်မြင့်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဖြိုးအိစံ(ခ)ဒေါ်ဆွေဆွေဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ရွှေရည်ဝင်းကို)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက် (၁၃၈၃ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေခြည်လှိုင်းဇာ)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၁၂၁) နေ ဒေါ်ရွှေနှင်းစိန် [၁၂/ဒပန(နိုင်)၀၃၉၂၀၆]၏သမီး မအေးသွယ်သွယ်ဦး [၁၂/ဒပန(နိုင်)၀၆၉၈၃၅]သည် မိဘများ၏ ဆိုဆုံးမစကားကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၎င်းသဘောဆန္ဒအလျောက်နေအိမ်ပေါ်မှဆင်းသွားပါသောကြောင့်(၁၂–၁၁–၂၀၂၁) ရက်မှစ၍ ရာသက်ပန်သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ရွှေနှင်းစိန်**
**[၁၂/ဒပန(နိုင်)၀၃၉၂၀၆]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ရေနံ့သာကျေးရွာနေ ဦးဖေဝင်း (၈/ကမန (နိုင်) ၀၂၆၉၀၉) နှင့် ဒေါ်စန်းနွဲ့ (၈/ကမန (နိုင်) ၀၂၆၉၁၀) တို့၏သမီးကြီး မအေးပြတ်ပြတ်ဝင်း (၈/ကမန (နိုင်) ၀၅၂၉၄၂)သည် မိဘနှစ်ပါး၏ဆိုဆုံးမစကားကို နားမထောင်ပဲ အိမ်ပေါ်မှဆင်းသွားပြီး ၎င်းဆန္ဒအလျောက် လုပ်ဆောင်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံး၀ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ )

ဦးဖေဝင်း +ဒေါ်စန်းနွဲ့

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ အမှတ်(၈)ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်–(၃၂၃)နေ ဒေါ်လှကျင်[၁၄/ညတန(နိုင်)၀၈၇၈၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော (ဦးဘကြည်)–ဒေါ်လှကျင်၏သမီးဖြစ်သူ မနီနီမိုး၊ မှတ်ပုံတင်အမှတ်[၁၄/ညတန(နိုင်)၀၈၇၈၄၁] ကိုင်ဆောင်သူသည် မိခင်၏ဆိုဆုံးမမှု၊ ပြောဆိုမှုများကို မနာခံဘဲ မိခင်ဖြစ်သူအား အမြဲစိတ်ဆင်းရဲစေပြီး ခွင့်မလွှတ်နိုင်သောကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါဆက်လက်ပြုလုပ်နေသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စများကိုမှ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူသူမင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၆၅)**
**ဖုန်း–၀၉–၇၆၃၁၆၁၂၅၅**

အိမ်/ခြံ/မြေရောင်းဝယ်ရေး
ကိုမင်းသူ ဒဂုံမြို့သစ် မြောက်ပိုင်း၊ တောင်ပိုင်း၊အရှေ့ပိုင်း၊ ဆိပ်ကမ်း မြေကွက်များ ဝယ်ယူလိုပါသည်။ Ph:0943025530

ဇုန်(၅)မြေနှင့်အဆောက်အဦ
အထူးဈေးနှုန်းဖြင့် အမြန်ရောင်းမည်၊
အသေးစား၊ အလတ်စား၊ စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်၊ လူနေရန်အလွန်ကောင်း၊ လှိုင်သာယာ၊ ဂန္ဓဝင်လမ်းနှင့် ရွှေဝါ(၃)လမ်းထောင့်၊ ပေ(၆၀)ပတ်လည်၊ ဂရန်မြေ နှစ်ထပ်အာစီ၊ ၄၄ဝပါဝါမီတာ၊ သိန်း(၃၉၀၀)ပါးပါးလျှော့မည်၊ ဦးရာလူရမည်။
Ph-09 5000673,09 5151576

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၅)လမ်း၊ အမှတ်(၆၀၇/က)ဟု ခေါ်တွင်သည့် (၆)ထပ်တိုက်အဆောက်အဦရှိ (၅–လွှာ)၊ အကျယ်အဝန်း ပေ(၁၈x၅၄)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဝင်းနိုင် [၁၂/ဥကတ(နိုင်)၀၃၈၁၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်ဝင်းဦး(LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၂၇)**
**အမှတ်(၁၀၆)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ် (၆၀၂)၊ ဒေါ်တင်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အကျယ်အဝန်း ဧရိယာ ပေ(၄၀x၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိရတနာ [၉/ပမန(နိုင်)၁၈၄၈၂၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သဇင်လှိုင်**
**LL.B**
**(အထက်တန်းရှေ့နေ)(စဉ်–၅၄၃၈၈)**
**အမှတ်–၃၁၉၊ အောင်ရွှေဇင် (၂)လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပေါက်ကံ**

**ဒေါ်စုရည်လှိုင် LL.B**
**(စဉ်–၄၃၄၅၀)(၇–၄–၂၀၁၄)**
**(အထက်တန်းရှေ့နေ)**
**အမှတ်–၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉ (A) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်**
**Ph–09–422449422, 09–693563785**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း–၁၃၀၊ အမှတ်(၄၂)၊ ၇–လွှာ(ညာ)၊ အကျယ်အဝန်း ပေ(၁၅x၄၀)ရှိအခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအောင်မြင့် [၁၂/တမန(နိုင်)၀၆၈၅၉၆]မှ သားအဖြစ်သူ ဦးမင်းဦး[၁၂/တမန(နိုင်)၁၀၅၅၂၆]နှင့် ၎င်း၏မိသားစုများနေထိုင်ရန် အခက်အခဲရှိ၍ ဖခင်မှစေတနာ မေတ္တာထားရှိလျက် ဦးမင်းဦး အမည်(အမည်ငှား)(Benami)ဖြင့် ကျွန်ုပ်မိတ်ဆွေပိုင်ငွေကြေးဖြင့် ဝယ်ယူထားရှိခဲ့ခြင်းဖြစ်ကြောင်း ညွှန်ကြားထားပါသည်။ သို့ဖြစ်၍ အဆိုပါအခန်းမှာ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းပိုင်ဆိုင်သောအခန်းဖြစ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေသိရှိ သဘောတူခြင်းမရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အာမခံထားခြင်း စသည့်အခြားနည်းလွှဲပြောင်းမှု တစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးတင်မောင်သိန်း(စဉ်–၅၃၃၈)**
**(B.A, RL, D.B.L, D.I.L)**

**ဒေါ်ယဉ်ယဉ်အောင်(စဉ်–၁၀၃၈၃)**
**(LL.B, D.B.L, D.I.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ကျော်လွင်(စဉ်–၅၀၀၄၄)**
**(LL.B, LL.M, D.I.L)**

**ဦးမြင့်စိုး(စဉ်–၄၈၄၄၁)**
**(LL.B, D.B.L)**

**အထက်တန်းရှေ့နေများ**
**အမှတ်–၁၅၇၊ ဒုတိယထပ်(A–3)၊ ၂၈လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၇၆၁၅၈၊ ၀၉–၄၃၀၆၄၆၄၇**

## ယာဉ်အမှတ်–GG/3497, TOYOTA SUCCEED ယာဉ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ပါ TOYOTA SUCCEED အမျိုးအစား၊ ယာဉ်အမှတ်–GG/3497 (KYN)မှာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မြင့်[၁၂/တမန(နိုင်)၀၆၈၅၉၆]အမည်ပေါက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။ အဆိုပါယာဉ်သက်တမ်းတိုးနှင့် စပ်လျဉ်း၍ ဦးမင်းဦး[၁၂/တမန(နိုင်)၁၀၅၅၂၆]နှင့် ၎င်း၏ဇနီး ဒေါ်သန္တာမျိုးဦး[၉/ခအဇ(နိုင်)၀၁၄၁၉၄]တို့အား ယုံကြည်၍ သက်တမ်းတိုးဆောင်ရွက်ပေးရန် ယာဉ်အပါအဝင် ပိုင်ဆိုင်မှု စာရွက်စာတမ်းများအား ပေးအပ်ခဲ့သည့်အပေါ် ဦးမင်းဦးနှင့် ဒေါ်သန္တာမျိုးဦးတို့မှ ယနေ့တိုင်ပြန်လည်ပေးအပ်ခြင်း မရှိသေးသဖြင့် အဆိုပါယာဉ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းစသည့်အခြားနည်းလွှဲပြောင်းမှုတစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးတင်မောင်သိန်း(စဉ်–၅၃၃၈)**
**(B.A, RL, D.B.L, D.I.L)**

**ဒေါ်ယဉ်ယဉ်အောင်(စဉ်–၁၀၃၈၃)**
**(LL.B, D.B.L, D.I.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ကျော်လွင်(စဉ်–၅၀၀၄၄)**
**(LL.B, LL.M, D.I.L)**

**ဦးမြင့်စိုး(စဉ်–၄၈၄၄၁)**
**(LL.B, D.B.L)**

**အထက်တန်းရှေ့နေများ**
**အမှတ်–၁၅၇၊ ဒုတိယထပ်(A–3)၊ ၂၈လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၇၆၁၅၈၊ ၀၉–၄၃၀၆၄၆၄၇**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄.၇ | ၂၁၁၉.၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄.၁ | ၂၁၈.၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃.၆ | ၅၉၁၀.၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆.၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁.၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အသင်းနဲ့အတူ လာလီဂါဖလား ခြောက်ကြိမ်ဆွတ်ခူးပေးထားတဲ့ ဒန်နီအဲလ်ဗက်စ်ကို ပြန်လည်ခေါ်ယူရန် ဘာစီလိုနာ သဘောတူညီမှုရရှိ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ နူးကမ့်ကနေ ထွက်ခွာသွားပြီးနောက် ငါးနှစ်အကြာမှာ အသက် ၃၈ နှစ်အရွယ် နောက်တန်းကစားသမား ဒန်နီအဲလ်ဗက်စ်ကို ပြန်လည်ခေါ်ယူဖို့အတွက် စည်းမျဉ်းအရ သဘောတူညီမှုရရှိထားတယ်လို့ သိရပါတယ်။

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်း၊ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့နဲ့အတူ ဆုဖလားစုစုပေါင်း ကိုးလုံးအထိ ရယူပေးထားနိုင်ခဲ့တဲ့ နောက်တန်းကစားသမား ဒန်နီအဲလ်ဗက်စ်ဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီကုန်မှာ ဘာစီလိုနာအသင်းကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရောက်ရှိလာမှာလည်းဖြစ်ပါတယ်။

ဘရာဇီးကြယ်ပွင့် ဒန်နီအဲလ်ဗက်စ်ဟာ ဘာစီလိုနာအသင်းမှာ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ရှစ်နှစ်အကြာ ပါဝင်ကစားပေးခဲ့ရာမှာ စပိန်လာလီဂါ ဆုဖလားခြောက်ကြိမ်အထိ ရယူပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်းဖြစ်ပါတယ်။

နောက်တန်းကစားသမား ဒန်နီအဲလ်ဗက်စ်ဟာ ဘာစီလိုနာအသင်းနဲ့အတူ စပိန်လာလီဂါဖလားခြောက်ကြိမ်

စာမျက်နှာ ၂၃ ကော်လံ ၃ သို့ ○





## ရွှေသောင်ယံ ကျောက်မောင်နှမကမ်းခြေ၌ ရုံးပိတ်ရက်များတွင် အပန်းဖြေသူများဖြင့် စည်ကား

**ရွှေသောင်ယံ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၃) ရပ်ကွက် ကျောက်မောင်နှမကမ်းခြေ၌ ယနေ့(စနေနေ့) ရုံးပိတ်ရက်တွင် လာရောက်အပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်။

ကျောက်မောင်နှမကမ်းခြေတွင် အထင်ကရဘုရား၊ စေတီပုထိုးများ၊ မောင်နှမသဖွယ်ကျောက်ဆောင်များရှိသည့်အပြင် သဘာဝကျောက်ဆောင်များပေါ်တွင် အလှဓာတ်ပုံရိုက်သူများ၊ ကမ်းခြေတွင် အပန်းဖြေရင်း ရေကူးကြသူများစသည်ဖြင့် ရုံးပိတ်ရက်များအတွင်း စည်ကားလျက်ရှိသည်။

ထို့ပြင် ရွှေသောင်ယံမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများနှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကိုမောင်၊ ရွှေသောင်ယံ(ပြန်/ဆက်)

ကြေးမုံ ယနေ့ ဖတ်စရာ

### တောင်ကိုရီးယားနိုင်ငံ၌ အငှားလေယာဉ်ငယ် ဝန်ဆောင်မှုကို ၂၀၂၅ ခုနှစ်တွင် စတင်မည်

စာမျက်နှာ » ၁၁

### အိုင်ဗရီကို့စ်နှင့် ယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ပရိသတ်နှစ်သောင်းခွဲအထိ ကင်မရွန်းနိုင်ငံ ဝင်ရောက်ကြည့်ရှုခွင့်ပြုမည်

စာမျက်နှာ » ၁၂



စာမျက်နှာ » ၂၀၊ ၂၁

## နမ္မတူမြို့နယ် IDP စခန်း သုံးခုရှိ တိုက်ပွဲရှောင်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး



**နမ္မတူ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကော်မတီအနေဖြင့် ဦးစားပေးအဆင့်အလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၈ နာရီခွဲတွင် ကြူဆော့ IDP စခန်းခန်းမ၌ အသက် ၁၈ နှစ်နှင့်အထက် တိုက်ပွဲရှောင်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✻